


ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# ကိုယ့်အရေးကို ထည့်စဉ်းစားပါ

၂၁၄

ဟောကြားသည့်နေ့
(၁၆ - ၇ - ၁၉၆၂)

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားသောတရားတော်

# ကိုယ့်အရေးကိုထည့်စဉ်းစားပါ

ဟောကြားသည့်နေ့
( ၁၆. ၇. ၁၉၆၂ )

အရေးကြီးတဲ့အချက်ကို ပြောလိမ့်မယ်ဆိုတာ သေသေချာချာမှတ်ကြပါ. . . (မှန်ပါ)။

**သေမည့်ပုဂ္ဂိုလ်ချည်းပဲ**

အရေးကြီးတဲ့အချက်က ဘာပါလိမ့်မတုံးဆိုလို့ရှိရင် အားလုံး ဒကာဒကာမတွေ မသေမယ့်ပုဂ္ဂိုလ်အထဲမှာ မပါပါဘူး . . . (မှန်ပါ)၊ မပါတော့ သေမယ့်ပုဂ္ဂိုလ်ချည်းပဲ ဆိုတဲ့ ဥစ္စာကို ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ)။

အဲဒီတော့ အနေမှာကောင်းသော်လဲ အသေမှာ မကောင်း ဆိုလို့ရှိရင် သံသရာထဲမှာဖြင့် အပါယ်လေးပါး တည်းဟူသော ချောက်ထဲကျကြလိမ့်မယ် . . . (မှန်ပါ)၊ အဲဒီ အပါယ်လေးပါးချောက်ထဲကျမှာကို ဘုန်းကြီးများက အင်မတန်မှ စိုးရိမ်တဲ့အတွက် ဒီဒကာဒကာမတွေကို သေခါနီး၌ ဒုက္ခမဖြစ်ရအောင် ယခုကတင်ကြိုပြီး ဘာကွယ် ကြပါဆိုတာ တိုက်တွန်းတာယ် . . . (မှန်ပါ)။

ဘယ့်နှယ်ကြောင့်တိုက်တွန်းရပါလိမ့်မလဲလို့ ဒကာ ဒကာမတွေက အမေးထုတ်လို့ရှိရင်ဖြင့် ဒီဘဝမှာဖြင့် ဒီခန္ဓာတွေစွန့်ရမယ့် ဝေဒနာတွေရောက်လာပြီဆိုမှဖြင့် သြော် ဒီဘဝ ဒီခန္ဓာစွန့်ရတော့မှာပဲ ဒီဝေဒနာတွေရောက်လာပြီ ဆိုလို့ရှိရင် ဒီဘဝခန္ဓာမစွန့်ခင် ဟိုဘဝခန္ဓာရဖို့ နိမိတ်တွေမြင် လာတယ် . . . (မှန်ပါ)။

ဟိုဘဝခန္ဓာရဖို့ နိမိတ်တွေမြင်လာတယ်။ ယခုလို သားရေးသမီးရေးစီးပွားရေးနဲ့ ဘုန်းကြီးတို့ ဒကာဒကာမတွေ က အချိန်ကုန်နေကြမယ်။ ကိုယ့်အရေးဘယ်အရေးမှန်းမသိ၊

ဒီအိမ်ဆောင်တွေကျ သားတွေသမီးတွေက မွေးဖွား၊ ဒီလိုအ ဆေးတွေသာကြီးနေကြမယ်ဆိုရင် ကိုယ့်အရေးမပါဘူးလို့လဲ မှတ်လိုက်ပါဦး . . . (မှန်ပါ)။

ကိုယ့်အရေးမပါလို့ရှိရင် ဘယ်လိုများဖြစ်တတ်ပါလိမ့်မလဲလို့ဆိုတော့ သေမှပြောနေရင်အပိုပဲ၊ မသေခင် သိထားမှ ပြင်ဖို့ဆင်ဖို့အရေးဟာ ဒကာဒကာမတွေလုပ်နိုင်ပါတယ်ဆိုတာ မှတ်ရမယ် . . . (မှန်ပါ)။

## သေခါနီး ဘယ်လိုဖြစ်တတ်သတုံး

အဲဒီတော့ သေခါနီးမှ ဘယ်လိုဖြစ်တတ်သတုံးလို့မေးလို့ ရှိရင်ဖြင့် ကိုယ်ကမျက်လုံးလဲ မမှိတ်ရသေး၊ ဒီဘဝစုတိ စိတ်လဲမကျသေးတဲ့အချိန်မှာ ကိုယ်ကသားရေးသမီးရေးစီးပွားရေးနဲ့ အချိန်ကုန်ပြီးသကာလ ကိုယ့်အရေးမပါတဲ့ပုဂ္ဂိုလ်ဆိုတော့ လုပ်နေတဲ့အလုပ်ကတဏှာ၊မာန၊ဒိဋ္ဌိအလုပ်တွေလုပ်နေတော့ သေခါနီးကျလာတော့ ဒကာဒကာမတို့ ခွေးနက်ကြီးတွေစသည်ကိုမြင်ရမယ် . . . (မှန်ပါ)၊ တချို့ကတော့လဲ ငရဲအိုးတို့ ငရဲမီးတို့ ငရဲမီးလျှံ တို့မြင်ရပါတယ် . . . (မှန်ပါ)၊ ဒါက ငရဲသွားမယ့်ပုဂ္ဂိုလ် . . . (မှန်ပါ)၊ တချို့ကျတော့ တောင်တွေ၊ ချောက်တွေ၊ တောကြီးတွေ မြင်ရတယ်။ အဲဒီကျတော့ ပြိတ္တာဘုံသွားမယ့်ပုဂ္ဂိုလ် . . . (မှန်ပါ)။

## မသေခင်က ကိုယ်သွားရမယ့်လမ်းမြင်တယ်

ဒါက အားလုံးဒကာဒကာမတွေ မှတ်ကြစမ်းပါ။ မသေခင်က ကိုယ်သွားရမယ့်လမ်းကို ကိုယ်မြင်နေတယ်. . . (မှန်ပါ)။

အဲဒီလိုအချိန်ကျတော့ ကိုယ့်စိတ်ထဲဘယ့်နှယ်ဖြစ်လာသတုံးဆိုတော့ သေရမယ့်ပုဂ္ဂိုလ်က အနေမှားကြောင့် အ[illegible]သမှားဖြစ် ရပါပေါ့လားဆိုပြီး ဝမ်းနည်းပြီးသကာလ မျက်စိနှစ်မှုက ဒကာဒကာမတို့ မျက်ရည်တွေထွက်ပြီး ခေါင်းအုံးပေါ် စီးကျလာတယ် . . . (မှန်ပါ)။

ဒကာဒကာမတွေက ရောဂါကြောင့်လို့ ထင်ကြပါလိမ့်မယ်. . . (မှန်ပါ)၊ ရောဂါကြောင့်မဟုတ်ပါဘူး၊ သူမြင်ရတာ သူများလဲပြောလို့ကမဖြစ်၊ ငါသွားရမယ့်လမ်းက လမ်းဆိုးလမ်းကြမ်းကြီးပဲ ဆိုတာသိတယ်. . . (မှန်ပါ)။

လမ်းဆိုးလမ်းကြမ်းကြီးဆိုတာ သိပြီးသကာလလာတော့ ဪ သားရေးသမီးရေးစီးပွားရေးနဲ့ ကိုယ့်အရေးမပါဘဲနဲ့ အချိန်ဖြုန်းခဲ့ရတဲ့အဖြစ်ကဖြင့် ငါ့မှာဖြင့် နေခြင်းဆိုးနေခဲ့လို့ သေခြင်းဆိုးလမ်းဖြင့်မြင်ရပါပေါ့ကလား ဆိုပြီးသကာလ ဝမ်းနည်းတယ်. . . (မှန်ပါ)၊ ဘယ်လောက်ကြောက်စရာ ကောင်းသတုံး. . . (ကောင်းပါတယ်)။

ဒီနားမှာ သားလင်ခင်ပွန်းတွေက အနီးမှာ ဆေးတွေဝါးတွေနဲ့ အမျိုးမျိုး အဖုံဖုံ ရှိငြားသော်လဲ ဆေးတားမရတဲ့

အချိန် ရောက်ပါပြီ. . . (မှန်ပါ)။

ဘယ်အချိန်ရောက်လာပါလိမ့်. . . (ဆေးတားမရတဲ့ အချိန်ရောက်လာပါတယ်ဘုရား)။

## ကိုယ်ကျိုးနည်း်းပေါ့

ဆေးတားမရတဲ့အချိန်ရောက်လာတော့မှ ဝမ်းနည်းလိုက်တဲ့ဖြစ်ခြင်းကဖြင့် ကယ်မယ့်သူလဲမရှိ၊ ယူမယ့်သူလဲမရှိ၊ မြင်ရတဲ့နိမိတ်တွေကလဲ အပါယ်လေးပါးသွားရမယ့်နိမိတ်တွေ ဖြစ်နေတော့၊ ဪ. . . သားလင်ခင်ပွန်းတွေကလဲ ဘာမှမတတ်နိုင်၊ ပြောချိန်က လဲမရ၊ ဒကာဒကာမတို့ ကိုယ်ကျိုးကြီးဖြင့် လှလှကြီးနည်းပေါ့ဆိုပြီး မျက်ရည်ကျတယ်. . . (မှန်ပါ)၊ ဘယ်လောက်ကြောက်စရာကောင်းသတုံး. . . (ကောင်းပါတယ်ဘုရား)။

## ကိုယ့်အရေးကမပါတော့ခက်တယ်

ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ပြောရပါတယ်၊ ဒကာဒကာမတို့ ခင်ဗျားတို့၏သားရေးသမီးရေးစီးပွားရေးဟာ မလုပ်၊ ဖြစ်လို့လုပ်နေတယ်လို့ ခင်ဗျားတို့ကတော့ ပြောတာပဲ၊ ကိုယ့်အရေးကမပါတော့ ခက်တယ်. . . (မှန်ပါ)။

ကိုယ့်အရေးမပါတော့. . . (ခက်ပါတယ်ဘုရား)၊ ဒကာဒကာမတို့သူများအရေးကြီးတာနဲ့ ကိုယ့်အရေး

ချို့ယွင်းချက်ဟာဖြင့် အင်မတန်ကြောက်စရာကောင်းပါတယ်. . . (မှန်ပါ)။

သူများအရေးကြီးနေတာနဲ့. . . (ကိုယ့်အရေးချို့ယွင်းချက် ကြောက်စရာကောင်းပါတယ်ဘုရား)။

## ကိုယ့်အရေး ထည့်စဉ်းစားပါ

ကိုယ့်အရေးချို့ယွင်းချက်ရှိတာသည် ဒကာဒကာမတွေ အလွန်တရာ ကြောက်စရာကောင်းတဲ့အတွက် ဘုန်းကြီးတို့သည် အမြင်ကျယ်ကျယ်နဲ့ ဒကာဒကာမတို့ ကိုယ့်အရေးကလေးများ ထည့်စဉ်းစားပါဦးလားဆိုဘာပြောရပါတယ်. . . (မှန်ပါဘုရား)၊ မပြောထိုက်ဘူးလား. . . (ပြောထိုက်ပါတယ်)။

ဖော်ပြမယ့်သူမရှိလို့ရှိရင် လူဆိုတာဒီလိုပဲ သားရေးသမီးရေးစီးပွားရေးလုပ်ပါတယ်ဆိုပြီးသကာလ ဒါနဲ့သာလျှင် စိတ်ထဲမှာ ပေးတန်တာပေးလို့ လှူတန်တာလှူလို့ဆို ကျေနပ်လို့။ ဒါလောက်နဲ့ကျေနပ်စရာ တစ်ကွက်မှ မရှိသေးပါဘူး. . . (မှန်ပါ)၊ ဒါတွေက အပါယ်လေးပါးတံခါးပိတ်နိုင်တာမှ မဟုတ်ပဲ. . . (မှန်ပါ)၊ အပါယ်လေးပါးတံခါးပိတ်မှာက ဘုန်းကြီးဟောလတ္တံ့ပြောလတ္တံ့ဖြစ်တဲ့ တရားသာလျှင် အပါယ်လေးပါးတံခါးပိတ်ပြီး အားထုတ်တဲ့တရားကမှ ပိတ်နိုင်တာ ဖြစ်နေတော့ အားကိုးလွဲထားတာ

ဆရာကလဲမရှိတော့ပြင်ပေးမည့်လူကလဲမရှိ၊ ကိုယ့်အရေး အုံယှ်ဟာကကြီးတယ်ဆိုတာလဲ ပိုင်ပိုင်နိုင်နိုင်ကမသိတော့ ဘုန်းကြီးတို့ဒကာဒကာမတွေ၌ မျက်ရည်ကြီးငယ်ကျပြီး ၁ ကာလ သေသွားရမည့်အဖြစ်ဟာဖြင့် ဘုန်းကြီးများက ၁..လွန်ပဲစိုးရိမ်ပါတယ်. . . (မှန်ပါ)။

## ဓမ္မသာအားကိုးစရာရှိတယ်

သေသေချာချာနားထောင်၊ ဒီဥစ္စာမြတ်စွာဘုရားသည် အကြိမ်ပေါင်း(၁၇၉၂)ကြိမ် မင်းတို့ဝိပဿနာဖြင့် လုပ်ဖြစ်အောင်လုပ်ပါ။ မလုပ်လို့ရှိရင် သေခါနီး မျက်ရည်ကြီးငယ်ကျပြီး အကြောအခြင်တွေဆွဲပြီးသကာလ ကယ်ပါယူပါ တစာစာနဲ့၊ လောကမှာ ကယ်နိုင်တာ တစ်ဦးမှမရှိဘူး၊ ဓမ္မသာလျှင် အားကိုးစရာရှိတယ်ကွ ဆိုပြီးဟောတော်မူတာက တစ်ကြောင်း၊ ခင်ဗျားတို့ ကိုယ်တိုင်တွေ့ရကြုံရမှာကတစ်ကြောင်း ဖြစ်နေတော့ ဘုန်းကြီးများက ပြောြ. . . ဒီဒကာဒကာမတွေ ငါမှ မကယ်ဘူးလို့ရှိရင်လဲ ကိုယ်ကျိုးလှလှကြီးနည်းတော့မှာပဲ၊ သူတို့ရပ်ရေးရွာရေးစကားသာတတ်သဟာ၊ ကိုယ့် အမရေးကိုယ် နားမလည်ဘူးဟုဆိုပြီး တရားဓမ္မ ပြောနေပါတယ် . . . (မှန်ပါ)၊ မပြောတိုက်ဘူးလား . . . (ပြောထိုက်ပါတယ်)။

## မျက်ရည်တွေကျလာတယ်

ဒီလိုသနားတဲ့ပုဂ္ဂိုလ်နဲ့မှ မတွေ့တော့ဘူးဆိုလို့ရှိရင် ဘုန်းကြီးတို့ဒကာဒကာမတွေမှာဖြင့် မျက်ရည်ကြီးငယ်ကျပြီး မဲ့ရွဲ့ပြီးသကာလ သားကလဲမကယ်နိုင်၊ သမီးကလဲမကယ်နိုင်၊ ဆေးကလဲမကယ်နိုင်၊ ရှာထားတဲ့ပစ္စည်းကလဲမကယ်နိုင်တဲ့ အခြေအနေရောက်ပြီး မျက်ရည်တွေက ပူပြီးကျလာတယ်. . . (မှန်ပါ)၊ အကြောအခြင်တွေကလဲ တောင်ရမ်းမြောက်ရွဲနဲ့၊ ဩော်. . . ဝါအနေဆိုးနေခဲ့လို့ ဇာဘောဆိုးဖြင့်သေခဲ့ပေါ့ပါ ဆိုပြီးသကာလ ဒကာဒကာမတို့ ဖတ်ခနဲဆိုပါးစပ်ကလေး ဖွင့်ပြီး လေထွက်သွားတယ်. . . (မှန်ပါ)၊ ထွက်သည်နဲ့တစ်ပြိုင်နက်တည်း အပါယ်ရောက် ငရဲအိုးထဲရောက်သွားတာပဲ. . . (မှန်ပါ)၊ တိရစ္ဆာန်ဖြစ်မယ့်ပုဂ္ဂိုလ်ဖြင့်လဲ ဆိုင်ရာတိရစ္ဆာန်ဘဝ ရောက်သွားတော့တာပဲ . . . (မှန်ပါ)။

## အမျှဝေလို့ကောရောက်မှါမလား

ကိုင်း. . . ဒကာဒကာမတို့အမျှဝေလို့ကော ရောက်ပါ့ မလား. . . (မရောက်ပါဘူး)။

ဩော်. . . ဒါဖြင့် ဘုန်းကြီးတို့ဒကာဒကာမတွေ ဒီအတိုင်းနဲ့ဒီအချိုးနဲ့ ဒီလိုသာနေကြတော့မယ်ဆိုလို့ရှိရင်ဖြင့် ကိုယ်ကျိုးဖြင့် လှလှကြီးနည်းကြတော့မယ်ဆိုတာ သေသေ

ချာချာမှတ်ပါ. . . (မှန်ပါ)။

**ဝိပဿနာအလုပ်သာအားထားရာ**

ဒါဖြင့် ဘယ်ဟာသာလျှင်ကာယ်မယ့်သူ ယူမယ့်သူရှိပါ လိမ့်မလဲဆိုတော့. . . ကိုယ့်သန္တာန်ဖြစ်တဲ့ပဋိစ္စသမုပ္ပါဒ်ကို ကိုယ့်ဉာဏ်နဲ့ဖြတ်တဲ့ ဝိပဿနာအလုပ်သာလျှင် ခိုကိုးရာ အားထားရာ ရှိတော့တယ်ဆိုတာ ယနေ့ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ)။

ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကို ကိုယ်ဖြတ်တဲ့ ဝိပဿနာနဲ့၊ လော ကုတ္တရာမဂ်သာလျှင် ခိုကိုးရာရှိပါတော့တယ် . . . (မှန်ပါ)၊ သိပ် ဆိုးဝါးပါလား. . . (ဆိုးဝါးပါတယ်ဘုရား)။

ဒကာဒကာမတွေကလဲ ဒီအလုပ်သာလျှင် အားကိုး ရာရှိတော့တယ်ဆိုတာ မယူဘဲနဲ့တို့မနက်ကလေး ဆွမ်း လောင်းနေတာ ကလေးဟာလဲ ကိုယ့်အကျိုးပဲလေ. . .။ သက်န်းကလေးဝါဆိုဦး ဆရာသမားဆီလာလာကပ်ကြတာ လဲ ကိုယ့်အရေးပဲကွ။ ဒါလောက်များနဲ့တော့ အပါယ်သွား မယ့် ပဋိစ္စသမုပ္ပါဒ်က ကမ္မဘဝ ပစ္စယာ ဇာတိ. . . ဆိုတာကို တားလို့မလွယ်လှပါ ူး. . . (မှန်ပါ)၊ အဲဒီတော့ ပဓာန လုပ်ငန်းကိုလိုသေးတယ်ဆိုတဲ့ ခြွင်းချက်သိကြပလား . . (သိပါပြီ)။

## လောကုတ္တရာမဂ်ကူးကြပါ

ဒါဖြင့် ဘာနဲ့တားလို့ ကိုယ့်အရေးကိုယ် ကယ်ကြမယ်ဆိုတာဖြင့် ဝိပဿနာလမ်းကနေပြီး လောကုတ္တရာမဂ်ကူးကြပါဆိုတာ တရားမဟော့မီရှေ့အဖို့ကာလ၌ ဘုန်းကြီးတို့ ဒကာဒကာမတွေ သွန်သင်ဆုံးမပါတယ်ဆိုတာဖြင့် ကောင်းကောင်းသဘောကျဖို့ကောင်းပါပြီ . . . (ကျပါတယ်ဘုရား)။

## တစ်ခါကလေးဥပုသ်စောင့်တယ်

တစ်ခါကလေး ဥပုသ်ကလေးစောင့်ကြ၊ ပဋိစ္စသမုပ္ပါဒ် တန်းလိုက်တာက ကမ္မဘဝပစ္စယာဇာတိဆိုတဲ့ဥစ္စာကို တစ်နေ့ ကာယကံ ဝစီကံပေါင်းဘယ်လောက်ပါလိမ့် . . . (မရေမတွက်နိုင်ပါဘူးဘုရား)။ မရေတွက်နိုင်တော့ ခင်ဗျားတို့တာ သားကြီးမှုရှင်ပြုဖို့၊ မစွည်းအင်မတန်ပိုမှ ၄ ကျောင်းဆောက်ဖို့လို့ဆိုတာတွေက ပဋိစ္စသမုပ္ပါဒ်အရေအတွက်နဲ့ဘယ်လို နှိမ်ကြမတုံးမေးရင်ဘယ့်နှယ်ဖြေပါ့မလဲ။ နှိမ်လို့ရပါ့မလား. . . (မရပါဘူး)၊ ဘာဖြစ်လို့တုံးဆိုတော့ ဟိုဘက်က ရေစီးသန်ပြီးသကာလ ဒီဘက်ကတားဆီးတာက ဖြစ်လောက်ပါ့ရဲ့လား. . . (မဖြစ်လောက်ပါဘူး)။

## လိုသေးတယ်

မဖြစ်လောက်သေးတော့ ငါဖြင့်တော်လောက်ပြီကွာ၊

ဘာမှလိုလေသေးတယ်မရှိပါဘူး၊ လျှူဖူးတန်းဖူးကာ တွေများလေပေါ့၊ သေပျော်ပေါ့ဆိုတဲ့စကားတွေဖြင့် ပဋိစ္စသမုပ္ပါဒ်နဲ့ ဝေဖန်တဲ့အခါကျတော့မှ ဒုက္ခဒုက္ခမတွေ လိုသေးတယ်ဆိုတာ ပေါ်လာတယ်. . .(ပေါ်ပါတယ် ဘုရား)။

အဲဒီတော့ ဒီမှာစဉ်းစားကြည့်ပါ၊ ဒုက္ခဒုက္ခမတို့ ခင်ဗျားတို့နေကြထိုင်ကြတာက သားရေးသမီးရေးစီးပွားရေး သာသိတယ်နော်. . .(မှန်ပါ)၊ ကိုယ့်ခန္ဓာဖြစ်ပြီးပျက်နေတဲ့ ဒုက္ခသစ္စာလို့ သိဖါရဲ့လား. . .(မသိပါဘူး)၊ မသိတော့ မိုးလင်းလာရင် အဝိဇ္ဇာ လုပ်နေတယ်. . .(မှန်ပါ)။

မိုးလင်းလာရင်ဘာလုပ်ကြသလဲ. . (အဝိဇ္ဇာလုပ်ပါတယ်)။

## ကိလေသာဝဋ်ကြီးစားနေတယ်

ပြီးတော့. . ဟိုသွားဒီသွားဆိုတာက ကာယကံ ဟို ပြောဒီပြောဆိုတာက ဝစီကံ. . .(မှန်ပါ)၊ ဟော. . . မိုးလင်း လာလို့ရှိရင် အဝိဇ္ဇာပစ္စယာသင်္ခါရာဖြစ်ပါပြီ. . .(မှန်ပါ)၊ ဒီမြားဦးကလေး ကြည့်လိုက်တော့မှ ကိလေသာဝဋ်နဲ့ ကမ္မဝဋ် ကြီးစားနေတာပဲ ကွတဲ့ . . .(မှန်ပါ) ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

ခြောက်. . . ကိုယ့်ဝဋ်ကျွတ်ဖို့ အလုပ်မလုပ်တဲ့နဲ့ ဝဋ်တွေ ပဲလျှောက်ပြီးလုပ်နေတော့ ဘုန်းကြီးတို့ဒုက္ခ

ဒကာမတွေ အတွက်ဟာဖြင့် ဘယ်နည်းနဲ့မှ တင်းတိမ် နိုင်လောက်အောင် တော်ပဟာ၊ တို့ဒကာဒကာမတွေတော် ပဟာဆိုတဲ့စကား သုံးကိုမသုံးနိုင်ဘူး . . . (မှန်လှပါ)။

မနက်မိုးလင်းလာတော့ ခန္ဓာကိုယ်ကြီးက ဖြစ်ပျက် နေတဲ့ ဒုက္ခသစ္စာလို့သိပါရဲ့လား. . (မသိပါဘူး)၊ မသိတာက အဝိဇ္ဇာ၊ မသိတော့မသိသလိုပဲ သားပြောလိုက် သမီး ပြောလိုက် ဘယ်သူဘယ်သွားလိုက်ဟဲ့ ဘယ်သူဘယ် ရောင်းချေဟဲ့၊ ဘယ်သူဘယ်ကိုဝယ်ချေဟဲ့ ဆိုတဲ့ ဝစီကံတွေကကော မနက်မိုးလင်း မသုံးရဘူးလား. . . (သုံးရပါတယ်)၊ ကာယကံနဲ့ပဲ ဒကာဒကာမတို့ ကိုယ့်ကိုယ် တိုင်သွားရတဲ့ အလုပ်တွေကော မရှိဘူးလား . . . (ရှိပါတယ်)၊ ဒါဖြင့် အဝိဇ္ဇာပစ္စယာ . . . (သင်္ခါရာပါဘုရား)။

## ကောင်းတဲ့အလုပ်ပါကြရဲ့လား

အဝိဇ္ဇာပစ္စယာ သင်္ခါရာတွေသာ မနက်မိုးလင်းရင် မိုးမွန်နေတော့တယ်. . . (မှန်ပါ) ကောင်းတဲ့အလုပ်ပါပါရဲ့ လား . . . (မပါပါဘူး) သစ္စာမသိတာ အဝိဇ္ဇာ၊ မသိလို့ ကာယကံ ဝစီကံနဲ့ ပြောတာက. . . (သင်္ခါရပါ)။

သင်္ခါရဆိုတော့ ဒကာဒကာမတွေမှာ မသိတာက အဝိဇ္ဇာ၊ ကာယကံ ဝစီကံဆိုတဲ့ သင်္ခါရ၊ ဒီကာယကံ ဝစီကံကလဲ အရောင်းအဝယ်သွားဟဲ့၊ ဝါနေကောင်းရင်

ငါသွားမဟဲ့ မင်းသွားရင်သွား မသွားလို့ရှိရင် ငါပဲသွားမဟာ၊ ပြောပြောဆိုဆိုနဲ့ ပြောတာက ဝစီကံ၊ သွားတာက ကာယကံ . . . (မှန်ပါ)၊ ဒါသည်သိသွားလား မသိသွားလား . . . (မသိသွားပါဘုရား)၊ ဒါဖြင့် အဝိဇ္ဇာ ကာယကံ ဝစီကံပြု လုပ်တာက . . . (သ ါရ ပါဘုရား)။

## မိုးလင်းမှာပဲဘုန်းကြီးစိုးရိမ်တယ်

သင်္ခါရဆိုတော့ ဒကာဒကာမတွေ ဩော် . . . မိုးလင်းမှာပဲ ဘုန်းကြီး ိုးရိမ်တယ် . . . (မှန်ပါ)၊ မိုးလင်းရင်ဖြင့် ဒီနှစ်ခုအုပ်ချုပ်ချေရဲ့ . . . (မှန်ပါ)၊ အဝိဇ္ဇာသင်္ခါရ အုပ်ချုပ် ချေရဲ့ဆိုတာ ငြင်းဖို့များလိုသေးသလား . . . (မလိုပါဘူး)။

သိပ်ဆိုးဝါးပါလား . . ဆရာကောင်းသမားကောင်း မတွေ့ပြီဆိုမှဖြင့် ဘုန်းကြီးတို့ဒကာဒကာမတွေ မိုးလင်း လာရင် အဝိဇ္ဇာသင်္ခါရလုပ်ပါပြီ . . . (မှန်ပါ)။

အဝိဇ္ဇာသင်္ခါရအလုပ်နဲ့အချိန်ကုန်ပြီးသကာလ နေကြတော့ကို ဒီဘဝမှာဒီနေရာမှာ သေလိုက်တာပေါ့ဗျာ၊ အဝိဇ္ဇာသင်္ခါရနဲ့ အချိန်ကုန်ပြီး ဒီနေရာသေလိုက်တဲ့အခါ ကျတော့ဆက်ပါပြီ။ ဘာသစ္စာတွေများ သူလုပ်ပါလိမ့်မတုံး အကဲခတ်လိုက် . . . (သမုဒယသစ္စာတွေလုပ်ပါတယ်)။

## သီလလောက်နဲ့မပြတ်နိုင်ဘူး

သမုဒယသစ္စာတွေပဲ သူလုပ်တယ်၊ ကျုပ်တော့

ကောင်းကောင်းဝယ်တာပါပဲ၊ ကောင်းကောင်းပြောတာပါပဲ၊ သီလတော့အပျက်မခံဘူးဆိုတဲ့ ဆင်ခြေတော့ ခင်ဗျားတို့ လဲကြမှာပဲ. . . (မှန်ပါ)၊ ဆင်ခြေလဲငြားသော်လဲ သီလလောက်က ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်ကိုမဖြတ်နိုင်တော့ အဝိဇ္ဇာပစ္စယာသင်္ခါရာ သမုဒယသစ္စာဖြစ်နေတယ်. . . (မှန်ပါ)၊ သမုဒယသစ္စာသွားဖြစ်နေတော့ ဒီဘဝ အဝိဇ္ဇာပစ္စယာသင်္ခါရာနဲ့ သွားဖြစ်တော့ နောက်ဘဝကျလာတဲ့အခါကျတော့၊ ဒီနေရာစုတေပြီး မြားကလေးဟာ ဟိုဘက်ဒီဘက်ဆက်ပါပြီ၊ ဆက်တာကသူက သမုဒယသစ္စာလုပ်ခဲ့ပါတယ် ဝိညာဏ်နာမ်ရုပ်သဠာယတန ဖဿ ဝေဒနာဆိုတာ ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါ)။

ဩော် ဒကာဒကာမတို့ ခင်ဗျားတို့နောက်ဘဝက မိုးလင်းခဲ့တဲ့အဖြစ်ဟာဖြင့် ဒီဘဝဒုက္ခရောက်ပါပြီ. . . (မှန်ပါ)၊ မြင်ကြပလား. . . (မြင်ပါပြီ)၊ တယ်ကြောက်စရာကောင်းပါလား . . . (မှန်ပါဘုရား)။

ကျုပ်ဟာတဲ့ကောင်းသောရောင်းခြင်း၊ ကောင်းသောဝယ် ခြင်းနဲ့ပဲ သားသမီးများလဲ ဒီလိုပဲ မင်းတို့ကောင်းကောင်းဝယ်ကြကွာ၊ ကောင်းကောင်းရောင်းကြကွလို့ ကျုပ်ကောင်းကောင်းသင်တာပါပဲ။ ကျုပ်ကိုယ်တိုင်လဲ ဒီအတိုင်းလုပ်တာပါပဲ ဆိုငြားသော်လဲ ဝစီကံ သမုဒယသစ္စာသွားဖြစ်နေတယ်. . . (မှန်ပါ)၊ မဖြစ်ဘူးလား. . . (ဖြစ်ပါတယ်)၊

သစ္စာသိပြီးသူပြောတာလား၊ သစ္စာသိမှုပါပါရဲ့လား . . . (မပါပါဘူး)၊ မပါလို့ရှိရင် အဝိဇ္ဇာပစ္စယာ. . . (သင်္ခါရာ ပါဘုရား)၊ ဘာသစ္စာပါလိမ့်. . . (သမုဒယသစ္စာပါ)။

## မိုးလင်းရင်ဘယ်သစ္စာအရင်လာမယ်

ဩော်. . ဒကာဒကာမတို့ မိုးလင်းရင် ဘယ်သစ္စာက အရင်လာပါလိမ့်. . . (သမုဒယသစ္စာအရင်လာပါတယ်) ဒုက္ခမှ ရောက်ပါ့မလား. . . (ရောက်ပါတယ်)၊ သိပ်ကြောက်စရာကောင်းပါလား. . . (မှန်ပါ)။

ဒကာဒကာမတို့ ဘုန်းကြီးတို့ပြောဖို့ အရေးဟာကဖြင့် ဒီအရေးအင်မတန်ကြီးတော့တယ်ဆိုတာ မပေါ်လာသေးဘူးလား . . . (ပေါ်လာပါပြီ)။

ဒါဖြင့် မောင်ဘသော်တို့လူစုတွေ ဒီဘက်က ဒကာဒကာမတွေ ဩော်. . တို့မိုးလင်းရင်ဖြင့် မသိတဲ့အဝိဇ္ဇာနဲ့ ပြုပြင်တဲ့ ကာယကံ ဝစီကံ လုပ်ရပြောရဆိုရတဲ့ သင်္ခါရအလုပ်ဟာဖြင့် ဒါတို့အလုပ်ပဲဆိုတဲ့ဥာဏ်ဖြင့် ရောင်းဝယ်ဖောက်ကားပြီးသကာလနေတဲ့ပုဂ္ဂိုလ်မှာဖြင့် ဒီသစ္စာမှတစ်ပါး ဘာသစ္စာမှ မရှိဘူး. . . (မှန်ပါ)၊ ဘာသစ္စာပါလိမ့် . . . (သမုဒယသစ္စာပါ)။

## မိုးလင်းရင်သမုဒယသစ္စာ

သနားစရာကောင်းလိုက်တာ ဘုန်းကြီးတို့

ဒကာဒကာမတွေ မိုးလင်းရင် သမုဒယ ာနော် . . . (မှန်ပါ)၊ ကဲ စုတေမနေ သေလွန်တော့ ဘာသစ္စာရသတုံး . . . (ဒုက္ခသစ္စာရပါတယ်)၊ ပစ္စုပ္ပန်ဘဝမှာ ဒုက္ခသစ္စာရပါပြီတဲ့ ဒကာဒကာမတို့ ဘယ်လောက်ကြော ာ် စရာကောင်းသတုံး. . . (ကောင်းပါတယ်ဘုရား)၊ ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

နောက်ဘဝက မိုးလင်းတဲ့အခါ အဝိဇ္ဇာသင်္ခါရနဲ့ မိုးလင်းခဲ့ကြတယ်၊ ဒီအတိုင်းအသက်ရှည်သွားတော့ သက်ဆိုးရှည်ပေါ့။ သမုဒယသစ္စာနဲ့ရှည်တာကွ. . . (မှန်ပါ)၊ သက်ဆိုးရှည်မှုပြတ်ကြရဲ့လား. . . (ပ တ်ပါတယ်)။

အဲဒီတော့ ခင်ဗျားတို့ချင်းပြောနေတော့ ခင်ဗျားက တော်တယ်၊ အကြံအစည်ကလဲကောင်းတယ်၊ ပြောရေးဆိုရေးကလဲ လိမ္မာရေးခြားရှိပါတယ်၊ ဒါကြောင့်ခင်ဗျား အကြောင်းတော့ဖြင့် ကျုပ်တို့ ဖြင့် ပြောလို့ပဲမဆုံးပါဘူးတဲ့၊ မိုးလင်းလာတယ်ဆိုရင် ခင်ဗျားပြောပုံ ဆိုပုံ ခင်ဗျားကြံစည်ပုံ ခင်ဗျားသွားလာပုံတွေကြည့်ရတာဖြင့် သီလလဲလုံခြုံနေတဲ့အတွက် ကျုပ်ဖြင့်ချီးမွမ်းပါတယ်လို့ မသိတဲ့ပုဂ္ဂိုလ်က မြှောက်ထားတယ်. . . (မှန်ပါ) သူကဘာသစ္စာလုပ်နေသတုံး. . . (သမုဒယသစ္စာလုပ်နေပါတယ်)။

## နှုတ်ခမ်းပဲ့ချင်းမီးမှုတ်နေတယ်

ကဲ ခင်ဗျားတို့ချင်း နှုတ်ခမ်းပဲ့ချင်း မီးမှုတ်နေတဲ့အလုပ်

ကဖြင့် ကြောက်စရာကောင်းလိုက်တာ. . . (ကောင်းပါ
ါယ်) ပေါ်ကြပြီလား. . . (ပေါ်ပါပြီ)။

နှုတ်ခမ်းပဲ့ချင်း မီးမှုတ်တယ်ဆိုတော့ ဒကာ ဒကာမတွေက အခံခက်နေတယ်၊ အခံခက်နေတဲ့အခါကျ လို့ရှိရင် မဟုတ်ပါဘူးတဲ့၊ ဘုန်းကြီးက တန်ဆာဆင် ပြောတာမဟုတ်ပါဘူး၊ ဘုရားဒေသနာ တော်ကလာတာ တွေ ပြောနေရတော့ သစ္စာမသိဘဲနဲ့ ကာယကံ ဝစီကံတွေ လုပ်နေလို့ရှိရင် သမုဒယသစ္စာမှတစ်ပါး ဘာမှမဟော နိုင်ဘူး. . . (မှန်ပါ) ပေါ်ကြပြီလား. . . (ပေါ်ပါပြီ)။

ဘာသစ္စာတွေများ မိုးလင်းတဲ့အခါကျလို့ရှိရင် ခင်ဗျားတို့ ကြိုးစားကြပါလိမ့်မတုံးဆိုတာ မပေါ်သေးဘူး လား. . . (ပေါ်ပါပြီ)၊ ဘာသစ္စာတုံး. . . (သမုဒယ သစ္စာပါ)။

သမုဒယသစ္စာဆိုတာသည် ဒကာဒကာမတို့ ဒုက္ခသစ္စာမှတစ်ပါး အခြားမပေးပါဘူး. . . (မှန်ပါ)၊ ပေါ်ကြ ပြီလား. . . (ပေါ်ပါပြီ)။

သမုဒယသစ္စာဆိုတာ ဘာပါလိမ့်. . . (ဒုက္ခ သစ္စာကို အကျိုးပေးတာပါ)။

## ဒုက္ခသစ္စာပဲအကျိုးပေးတယ်

ဒုက္ခသစ္စာပဲ အကျိုးပေးရမယ်ဆိုတာ ဟောဒီနေရာ

မှာ သေတဲ့အခါကျတော့ ဟောဒီဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတာ တိရစ္ဆာန်မှာလဲရှိတာပဲ. . . (မှန်ပါ)၊ ငရဲ ပြိတ္တာ စသည်မှာကော. . . (ရှိပါတယ်)။

ကဲ ဒီနေရာမှာသေတော့မယ်ဆိုတော့ ဒီတိရစ္ဆာန်ဘုံကြီး ဒုက္ခကြီးသွားဖြစ်တာကိုး. . . (မှန်ပါ) ဒါဖြင့် မျက်ရည်မှ ကျပါ့မလား. . . (ကျပါတယ်)။

ဪ. . ငါသွားရမှာ သားရေးသမီးရေးစီးပွားရေးနဲ့ သူတို့လိမ္မာယဉ်ကျေးရေးနဲ့ ငါအိုခြင်းဆိုးလာခဲ့၊ သစ္စာသိတဲ့ဉာဏ် မရဘဲနဲ့ ငါသေပွဲဝင်ရတော့ ဒီနေရာမှာ မျက်ရည်ကျတဲ့ နေရာပဲ . . . (မှန်ပါ)။

ဒီနေရာဘာပါလိမ့်. . . (မျက်ရည်ကျကဲ့နေရာပါ)၊ မျက်ရည်ကျတဲ့နေရာဆိုတာ ဒကာဒကာမတွေ သိကြပြီ. . . (သိကြပါပြီ)။

## ဆရာကောင်းရှာကြ

ဪ. . ဘုန်းကြီးတို့ဒကာဒကာမတွေ ကိုယ့်အဆိုး ကိုယ်မြင်အောင် မနည်းဖော်ပြနေရတယ်. . . (မှန်ပါ)၊ ကိုယ့်အဆိုးကိုယ် မြင်အောင်မနည်းဖော်ပြနေရတယ်ဆိုတော့ ဒါကြောင့်ဆရာသမား ကောင်းရှာကြ မရှာလို့ရှိရင်ဖြင့် ကိုယ့်ဟာနဲ့ကိုယ်ဟုတ်နေလိမ့်မယ် ဆိုတာ မပေါ်သေးဘူးလား . . . (ပေါ်ပါပြီဘုရား)။

အခုတော့ဖြင့် ဆရာကောင်းသမားကောင်းလဲတွေ့ ကိုယ့်အရေးလဲ မပတ်မှန်းသိတော့ ကိုယ့်ခန္ဓာဒုက္ခသစ္စာ ကိုယ်မသိသ၍ဖြင့် ဘယ်တော့မှ အဝိဇ္ဇာမချုပ်နိုင်ဘူး၊ ဘယ်အခါကာလမှ သင်္ခါရမချုပ်ဘူး၊ ချုပ်နိုင်ပါ့မလား . . . (မချုပ်နိုင်ပါဘူး)။

မချုပ်နိုင်ဘူးဆိုကတည်းက ဒီနေရာမှာ ဘာကျသတဲ့ (မျက်ရည်ကျပါတယ်)၊ မျက်ရည်ကျပြီး ဟောဒီမှာ အပါယ်ခန္ဓာကြီး သွားပြီးရတယ် . . . (မှန်ပါ)၊ သေတဲ့ဒီဘက်မှာ ဒုက္ခသစ္စာခန္ဓာကြီးသွား ရတယ် . . . (မှန်ပါ)။

ကဲ . . . ဒီထဲမှာ အဲဒီလိုနေရာမျိုး ဖြစ်ချင်တဲ့ပုဂ္ဂိုလ်တော့ မပါပေဘူးလို့ တရားတစ်ပွဲလုံးဖြေမှာပါပဲ. . . (မှန်ပါ)၊ ဖြစ်ချင်တဲ့ ပုဂ္ဂိုလ်ပါကြရဲ့လား . . . (မပါပါဘူး) မပါပေမယ့်လဲ လုပ်နေတာက မနက်မိုးလင်းရင် သစ္စာသိရဲ့လား . . . (မသိပါဘူး)၊ ခန္ဓာဖြစ်ပျက်တွေသိရဲ့လား . . . (မသိပါဘူး)၊ ဖြစ်ပျက် ဒုက္ခသစ္စာကိုး . . . (မှန်ပါ)၊ ဒါသိရဲ့လား . . . (မသိပါဘူး)။

မသိတော့ ကိုယ်တိုင်သွားလို့ ကိုယ်တိုင်ပြောလို့ ဆိုတာ ဘာတွေပါလိမ့် . . . (သင်္ခါရတွေပါဘုရား)၊ ကာယကံ ဝစီကံဆိုတဲ့ သင်္ခါရ. . . (မှန်ပါ)၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီ)။

ကဲ. . သေခါနီးကျတော့ ဒီအလုပ်နှစ်ခုနဲ့ပဲ အချိန်ကုန်ခဲ့တဲ့အခါကျတော့ ဒီနေရာကဘာကျသတဲ့တုံး . . .

(မျက်ရည်ကျပါတယ်) စပ်တော့မယ်၊ အပါယ်ခန္ဓာနဲ့ လူနဲ့ စပ်တော့မယ်. . (မှ န်ပါ) ဒီဘက်က လူ သမုဒယသစ္စာ၊ ဒီဘက်က အပါယ်ခန္ဓာ ဒုက္ခသစ္စာ . . . (မှန်ပါ)။

## ပြင်ချိန်ရှိတုန်းပြင်ကြ

ကိုင်း. . ဒကာဒကာမတို့ ဒီလိုပဲနေကြတော့မလား၊ ပြင်ချိန် ဝင်ချိန်ရှိတုန်းပြင်မလားဆိုတဲ့ မေးခွန်းတော့ ထွက်လာပြီ. . . (ပြင်ရမှာပါဘုရား)။

ပြင်ရမှာကလဲ ဒကာဒကာမတို့နေပြီးသားကပြင်လို့ မရဘူး၊ ယခုအချိန်ကစပြီးပြင်မှ သင့်ရုံပဲရမယ်. . . (မှန်ပါ)။

ကိုင်း. . ဒကာဒကာမတို့ ဒါခပ်သုတ်သုတ်ဟော နေတာလားဆိုတော့ မနက်ဖြန်ခင်ဗျားတို့ ခန္ဓာကအစိုးရ ပါရဲ့လား. . . (မရပါဘူး)၊ မရဏမင်းလက်တွင်း ခေါင်းစင်းပြီးဝင်ရလိမ့်မယ်ဆိုတဲ့ဥစ္စာလဲ ဖြစ်နိုင်တာပဲ မဟုတ်လား. . . (ဖြစ်နိုင်ပါတယ်)၊ အဲဒီတော့ ယနေ့ပြင် . . . (မှန်ပါ)။

ဒကာဒကာမတွေ ဘယ်လိုပါလိမ့်. . . (ယနေ့ပြင် ရမှာပါ) ယနေ့ပြင်ရလိမ့်မယ်ဆိုတာ ပေါ်ကြပြီလား. . . (ပေါ်ပါပြီ)။

## ဒါတွေဟာဒုက္ခသစ္စာတွေ

ဩော်. . . ဒါဖြင့် ဒကာဒကာမတွေ မနက်မိုးလင်းလို့

ရှိရင်ဖြင့် ကိုယ့်ခန္ဓာကိုယ်ကြည့်ပြီးသကာလယားပြန်ပြီ နာပြန်ပြီ။ ဒါတွေဟာ ဒုက္ခသစ္စာပါကလား၊ ကျင်ကြီးစွန့်ချင်ပြန်လဲ ဒုက္ခသစ္စာပဲ. . . (မှန်ပါ)၊ ကျင်ငယ်စွန့်ချင်တာကော. . . (ဒုက္ခသစ္စာပါ)။

အဲဒီဒုက္ခကလေး အရင်မြင်ပြီးတော့ ကိုယ်တိုင် ဖြစ် ဒုက္ခကလေး ကိုယ်တိုင်သိပြီးတော့မှ ခင်ဗျားတို့မနေသာတဲ့ အလုပ်ကို လုပ်လို့ရှိရင်ဖြင့် ဒါကလေးဟာ သစ္စာသိတဲ့ဉာဏ် ကလေးဟာ ဒကာဒကာမတို့ အကူအညီပေးတယ်. . . (မှန်ပါ)၊ ခုနင်ကပြောခဲ့တဲ့နိမိတ်တွေ ခွေးနက်ကြီးတို့၊ ချောက်ကြီးတို့ဆိုတာ မမြင်ရဘဲ ညော်. . သူသစ္စာသိသွားပြီ ဆိုတဲ့ အဓိပ္ပါယ်မရဘူးလား. . . (ရပါတယ်)။

## ထမင်းဆာလာတာဒုက္ခသစ္စာ

အေး. . ဒါကြောင့် မနက်မိုးလင်းလို့ရှိရင်ဖြင့် ခင်ဗျားတို့မှာ ဘုန်းကြီးသင်လွှတ်ပါ့မယ်၊ အိပ်ရာက ညောင်းလို့ စောင်းပြန်လို့ရှိရင်လဲ ညောင်းတဲ့ဒုက္ခသစ္စာ၊ လှည့်ရမှုပင်ပန်းတဲ့ဒုက္ခသစ္စာ. . . (မှန်ပါ)၊ လှည့်ထားတဲ့ နေရာမှာလဲ နောက် ဝပ်ညောင်းပြန်ရင် ဒုက္ခသစ္စာ. . . (မှန်လှပါ)၊ ညောင်းလို့ပြင်ရတာကော. . . (ဒုက္ခ သစ္စာပါ)၊ ယားလို့ဖျောက်ရတာ. . . (ဒုက္ခသစ္စာပါ)၊ ဖျမ်ဆိုအိပ်ရာ ကနိုးခါရှိသေးတယ် ကုဋီကျင်ငယ်အိမ်သွားရတာလဲ. . .

(ဒုက္ခသစ္စာ)၊ ဆာလောင်မွတ်သိပ် လာတာကော. . .
(ဒုက္ခသစ္စာ)။

## ခန္ဓာကြီးဟာဒုက္ခသစ္စာ

အဲဒါတွေအရင်တွေးပြီး၊ ဩော်. . ဒီခန္ဓာကြီးဟာ ဒုက္ခသစ္စာအစစ်ကြီးပါလား၊ ဖြစ်ပျက်အသာထားပါဦး ဒါလောက်စပြီးတွေးပါဦး. . . (မှန်ပါဘုရား)၊ ဒါလောက် စပြီးတွေးလိုက်တဲ့အခါကျတော့မှ ဩော်. . အိပ်ရာကထ သည်နှင့်တစ်ပြိုင်နက်တည်း ဒုက္ခသစ္စာ ခန္ဓာမှတစ်ပါး ဘာမှ ခန္ဓာကိုယ်ကြီးဟာ မပြပါကလား၊ ဒုက္ခပဲပြတယ်. ... (မှန်ပါ)။

မိုးလင်းလာရင် လာပြပါလိမ့်. . (ဒုက္ခပဲပြပါတယ် ဘုရား) ဒုက္ခပဲပြတယ်ဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်)။

## အဝိဇ္ဇာကဝိဇ္ဇာဖြစ်မယ်

အဲဒါတွေ ရှေ့ပိုင်းကထားပြီး မေးကြစမ်းပါ. . . (မှန်ပါ)၊ ဒါကလေးရှေ့ပိုင်းကထားပြီး မေးတဲ့အခါကျ လို့ရှိရင်ဖြင့် သူသည် အဝိဇ္ဇာက ဝိဇ္ဇာဖြစ်ပါလိမ့်မယ် . . . (မှန်ပါ)။

သွားတဲ့လာတဲ့အခါမှာ သွားမှန်းလာမှန်းသိ အင်း ဒုက္ခရောက်လို့သွားရပြန်ပြီ ဒုက္ခရောက်လို့သွားရပြန်ပြီ

လို့သိကော့ အစိဇ္ဇာချုပ်လို့ သင်္ခါရချုပ်ပါတယ်. . . (မှန်ပါ)၊ မချုပ်ဘူးလား . . . (ချုပ်ပါတယ်ဘုရား)။

## ဒါအကြွမ်းသိနော်

ဒါကလေးကျေးဖို့ရာ ဆရာသမားက သင်လိုက်ပြလိုက်တဲ့ အခါကျတော့ ဒါအကြွမ်းနော်. . . (မှန်ပါ)၊ အကြွမ်းကလေးတောင် တွေးမိတဲ့လူဟာ ရှာမှရှားလိမ့်မယ်ဆိုတဲ့ ဥစ္စာဖြင့် ပြောဖို့မလိုပါဘူး . . . (မလိုပါဘူးဘုရား)။

အကြွမ်းကလေးတွေးဖို့ရာတောင်. . . (ရှာမှရှားပါတယ်ဘုရား)၊ ရှာမှရှားတယ်၊ ဒီနေ့အိပ်ရာထနောက်ကျသွားသကွ အလုပ်တွေဖင့်ကုန်ပါပေါ့လားဆိုပြီးသကာလ အလုပ်ဘက်သာ လှည့်သွားတယ်. . . (မှန်ပါ)၊ အလုပ်ဘက်လှည့်သွားလေလေ မသိတဲ့ သဘောကြောင့် အလုပ်ဘက်လှည့်သွားတဲ့ သင်္ခါရတွေမလာပေဘူးလား. . . (လာပါတယ်)။

ထိုကဲ့သို့လာပြီဆိုမှဖြင့် ဘုန်းကြီးတို့ဒကာဒကာမတွေသည် မျက်ရည်ကျမယ့်အလုပ်ကို လုပ်ပြီ. . . (မှန်ပါဘုရား)၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)၊ ကြောက်စရာကြီးပါလား . . . (မှန်ပါ)။

## မတရားသဖြင့်နိုးလာမှာကြောက်တယ်

ခင်ဗျားတို့ အိပ်ရာကနိုးမှာ ဘုန်းကြီးက

သိပ်ကြောက်တယ်. . . (မှန်ပါ)၊ မတရားသဖြင့်နိုးလာမှာသိပ်ကြောက်ပါတယ်။ ဘာကြောက်ပါလိမ့်. . . (မတရားသဖြင့်နိုးလာမှာ သိပ်ကြောက်ပါ တယ်)။

မတရားသဖြင့်နိုးမှာ အင်မတန်ကြောက်တယ်ဆိုတော့ တရားသဖြင့် နိုးတဲ့ပုဂ္ဂိုလ်ကလဲရှာမှရှား. . . (မှန်ပါ)၊ ဒီဆရာပြောလို့သာ ဒီလိုနိုးပါမယ်ဆိုတာ သူတို့တာဝန်ခံရတာ. . . (မှန်ပါ)၊ နဂိုက ဒီလိုကိုနိုးတတ်ပါရဲ့လားမေးတော့ မနိုးတတ်ပါဘူးဘုရား၊ အိပ်ရတာ အိုက်လိုက်တာ ပူလိုက်တာ ကိစ္စကလဲထူလိုက်တာဆိုပြီးသကာလ ဒကာဒကာမတွေသစ္စာမသိပဲနဲ့ ဒေါမနဿ နဲ့နိုးလာတယ် . . . (မှန်ပါ)။

## ဘာနဲ့နိုးလာပါလိမ့်

ဘာနဲ့နိုးလာပါလိမ့်. . . (ဒေါမနဿနဲ့နိုးလာပါတယ်)၊ ဒေါမနဿနဲ့နိုးလာတယ်ဆိုတာပေါ်ပြီလား . . . (ပေါ်ပါပြီ)။

ဩော်. . အိပ်ရာကနိုးလာတဲ့အခါ ငရဲမျက်စောင်းထိုး နိုးလာတယ်. . . (မှန်ပါ)။

ဘယ်လိုများနိုးလာပါလိမ့်. . . (ငရဲမျက်စောင်းထိုးနိုးလာပါတယ်)၊ ကြောက်စရာကောင်းပါပြီ. . . (မှန်ပါ)၊ သေသေချာချာစဉ်းစားပါ၊ သေသေချာချာစဉ်းစားပါ ဒကာဒကာမတို့ ခြောက်နေတဲ့တရားမဟုတ်ပါဘူး၊ ကိုယ်နိုးပုံဟန်မကျလို့ ပြောရပါတယ် . . . (မှန်ပါ)။

ခြောက်ဟောတာလား ကိုယ်နိုးပုံနေရာမကျတာ

လား. . (ကိုယ်နိုးပုံနေရာမကျတာပါဘုရား)၊ ကိုယ်နိုးပုံနေရာမကျတာဆိုတာဖြင့် သေသေချာချာပေါ်ပါပြီ. . . (မှန်ပါဘုရား)။

## အိပ်မှာလည်းစိုးရိမ်တယ်

ဒါကြောင့် ဘုန်းကြီးတို့ဒကာဒကာမတွေ အိပ်မှာလည်း စိုးရိမ်တယ်၊ နိုးမှာလည်းစိုးရိမ်တယ်. . . (မှန်ပါ)၊ နိုးပုံကဖြင့် သစ္စာမသိတဲ့ကနိုးလုံးနဲ့နိုးလာတော့ ကောင်းသေးရဲ့လား. . . (မကောင်းပါဘူး)။

အေး. ဒါကြောင့် အိပ်ခါနီးကျတော့လဲ ဘယ်တံခါးမှပိတ်မိရဲ့လား ဘယ်ပစ္စည်းကလေးမှထုပ်မိရဲ့လား၊ ထုပ်တဲ့ပစ္စည်းကလေးမှ အိမ်ပေါ်ရောက်အောင် သိမ်းမိရဲ့လား၊ မသိတဲ့ အဝိဇ္ဇာနဲ့သင်္ခါရအလုပ်တွေပဲ တွေးနေတယ်. . . (မှန်ပါ)။

အိပ်ခါနီးကျတော့လဲ ဘာတွေတွေးသလဲ. . . (အဝိဇ္ဇာ သင်္ခါရအလုပ်တွေ တွေးပါတယ်)၊ တိုတိုပြောကြပါစို့၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာနဲ့အိပ်ပါတယ်ဘုရား. . . (မှန်ပါ)။

## အိပ်တော့ဘာနဲ့အိပ်သလဲ

အိပ်တော့ ဘာနဲ့အိပ်သလဲ. . . (အဝိဇ္ဇာပစ္စယာ သင်္ခါရာနဲ့အိပ်ပါတယ်)၊ ကိုယ့်ခန္ဓာဒုက္ခသစ္စာ သိသေးရဲ့လား

. . . (မသိပါဘူး)၊ မသိတော့တွေးချင်တာတွေ ဟုတ်လား . . . (မှန်ပါ)၊ သားမယားများကျတော့လဲ မင်း. . ဒါကလေးသိမ်းရဲ့လား ဆည်းမိရဲ့လား၊ ဒါကလေးသတိထားမိရဲ့လား၊ ထမျှားမေးလိုက်သေးတယ် . . . (မေးပါတယ်ဘုရား)၊ အဝိဇ္ဇာပစ္စယာသင်္ခါရာဆိုတာ မလာဘူးလား . . . (လာပါတယ်ဘုရား)။

## ငရဲမျက်စောင်းထိုးအိပ်တယ်

ကိုင်း ဒကာဒကာမတို့ မအိပ်ခင်ကလဲ ငရဲမျက်စောင်းထိုးအိပ်မကွ. . . (မှန်ပါ)၊ နိုးတော့ကော. . . (ငရဲမျက်စောင်းထိုးနိုးပါ တယ်ဘုရား)၊ လွတ်ရေးကျွတ်ရေးများမြင်သေးရဲ့လား. . . (မမြင် ပါဘူးဘုရား)။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက လောကတ္ထစရိယာ- လောကသားတို့ ကယ်မလို့ကြိုးစားလာတာ အမှန်ပါပဲ။ သို့သော်လည်း မြတ်စွာဘုရား ကယ်မယ်ကြံရင် လောကသားတို့က သစ္စာသိတဲ့ဉာဏ်မယူဘဲနဲ့ အဝိဇ္ဇာသင်္ခါရနောက် လိုက်လိုက်ပြေး ကြတယ် . . . (မှန်ပါ)။

## အဝိဇ္ဇာသင်္ခါရနောက်လိုက်ပြေးတယ်

ဘယ်နောက်လိုက်ပြေးကြသလဲ. . . (အဝိဇ္ဇာသင်္ခါရနောက် လိုက်လိုက်ပြေးကြပါတယ်)။

အဝိဇ္ဇာသင်္ခါရနောက် လိုက်လိုက်ပြေးကြတဲ့အတွက်

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကယ်မည်ယူမည် စိတ်ကူးရင် သူတို့ကကယ်မယ့်ယူမယ့်ပုဂ္ဂိုလ်ကို ရန်သူ ထင်ထင်ပြီးသကာလ ကိုယ်တော့်အလုပ်ကို ကိုယ်တော် တို့သာလုပ်နိုင်တာ တပည့်တော် တို့မှာတော့ သားရေး သမီးရေးစီးပွားရေးနဲ့ မလုပ်နိုင်ဘူးဆိုပြီး ကယ်မယ့်သူ ယူမယ့်သူလာတိုင်းထွက်ထွက်ပြေးတယ်. . . (မှန်ပါ)။

အဲဒီတော့ ခင်ဗျားတို့သည် ရေနည်းတဲ့ငါးကလေး တွေကို သနားကတ်တဲ့ပုဂ္ဂိုလ်က ပန်းကန်ကလေး ခွက် ကလေးနဲ့ဖမ်းပြီးသကာလ ရေများရာလွှတ်မည်ကြံ တာတောင် ငါး ထွက်ထွက်ပြေးတယ်. . . (မှန်ပါ)။

## သစ္စာနှလုံးသွင်းပြီးအိပ်ပါ

အဲဒီတော့ငါးဆိုတာ ဘိရစ္ဆာန်ပါပဲ. . . (မှန်ပါ)၊ ဒီမှာလဲ ခင်ဗျားတို့ဘုန်းကြီးများက သစ္စာနှလုံးသွင်း ပြီးမှအိပ်ပါကွ၊ သစ္စာနှလုံးသွင်းပြီးမှနိုးပါကွာလို့ ပြောကြား သော်လဲ ခင်ဗျားတို့ သားရေးသမီးရေးစီးပွားရေးက အရင် ဦးစီးပြီး သူကအရင်ပွဲဦးထွက် ထွက်လာတယ်. . . (မှန်ပါ)၊ ကောင်းသေးရဲ့လား. . . (မကောင်းပါဘူး)။

အဲဒီတော့ ကယ်မယ့်ယူမယ့်သူများက ကယ်ချင် ပြောသော်လဲ ငါးတိရစ္ဆာန် သူများကလွှတ်မည် လို့ဆို ပြောသော်လဲ အဖမ်းခံပါရဲ့လား. . . (မခံပါဘူး)၊ ဩော်. . .

ဘာမိုက်များမိုက်နေပါလိမ့်. . . (တိရစ္ဆာန်မိုက်မိုက်နေပါတယ်)၊ ဪ ဒါဖြင့်ခင်ဗျားတို့ဟာ လူရယ်လို့ဆိုင်းဘုတ်သာဆွဲရတယ် မိုက်ပုံတော့ဖြင့် တိရစ္ဆာန်နဲ့တန်းနေတယ်. . . (မှန်ပါ)၊ သဘောပါကြပြီလား. . . (ပါပါပြီ)။

ဒကာဒကာမတို့ သစ္စာမသိသေးလို့ရှိရင်ဖြင့် အတော်ခဲယဉ်းတယ်. . . (မှန်ပါ)၊ မသိတာဟာ ဘာသစ္စာတုံး. . . (သမုဒယသစ္စာပါ)၊ မသိဘဲ သိုပြုတာက. . . (သင်္ခါရပါ)၊ ဘာသစ္စာတုံး. . . (သမုဒယသစ္စာပါ)၊ ဒါဖြင့်ခင်ဗျားတို့ နေ့တိုင်းနေ့တိုင်း မသိသလို ပြုနေကြတယ်ဆိုတော့ ဘာသစ္စာတုံး. . . (သမုဒယသစ္စာပါ)။

ဪ. . . ဒကာဒကာမတို့က ကိုယ့်ခန္ဓာကိုယ့်ဒုက္ခသစ္စာလို့ မသိတော့ ဘယ်သူသွားပါ ဘယ်သူလာပါဟဲ့၊ ဒီလိုဆိုရင်စီးပွားရေးချို့တဲ့ကုန်လိမ့်မယ်၊ ဒီလိုဆိုရင်လူ့အောက်ကျသွားလိမ့်မယ်လို့ ပြောလေ့ဆိုလေ့ရှိတယ်. . . (မှန်ပါ)၊ လူ့အောက်ထက် အပါယ်လေးပါးကျသွားမှာတော့ ထည့်မပြောဘူး . . . (မှန်ပါ)၊ ဒီဘဝရှိတဲ့ ဒီလူအောက်မှာသာကျမှာစိုးရိမ်တယ် . . . (မှန်ပါ)၊ လူ့ထက်အောက်တန်းကျမှာတော့မစိုးရိမ်ဘူး. . . (မှန်ပါ)။

## မိုက်တွင်းနက်နေတယ်

ခင်ဗျားတို့ဟာ ခက်လိုက်တဲ့ဖြစ်ခြင်းမှာ ဆုံးမလို့ မကုန်၊ သွန်သင်လို့မကုန်နိုင်လောက်အောင်ဘဲ မိုက်တွင်းနက်နေတယ်ဆိုတာပေါ်ပြီလား. . . (ပေါ်ပါပြီ)။

ဉာဏ်နဲ့နားထောင်ကြည့်ကော့မှ ကိုယ့်အဖြစ်ဆိုးနဲ့ ကိုယ် မသိဆိုးဝါးမှုကြီး ကြီးကျယ်ခမ်းနားဟာ သေသေချာချာ ပေါ်လာတယ်. . . (မှန်ပါ)၊ မပေါ်လာဘူးလား. . . (ပေါ်လာပါတယ်)။

ဒါဖြင့် မိုးလင်းလာရင် ဝိဇ္ဇာနဲ့နိုးပြီးသကာလ သစ္စာသိပြီး နိုးကြစမ်းပါ. . . (မှန်ပါ)။

နာတာကျင်တာ ကိုက်တာခဲတာ ဘာကိစ္စတုံး. . . (ဒုက္ခ သစ္စာပါ)၊ ကျင်ကြီးကျင်ငယ်စွန့်ချင်တာလဲ. . . (ဒုက္ခသစ္စာပါပဲ)၊ မျက်နှာသစ်ပေးရတာကော. . . (ဒုက္ခ သစ္စာပါ)၊ အဝတ်လဲပေးရတာကော. . . (ဒုက္ခသစ္စာပါ)။

## ဒုက္ခသည်ကြီးကိုလှတယ်ပတယ်ထင်နေတယ်

ဒါဖြင့် ခန္ဓာကိုယ်ကြီးကဖြင့် ဘာကိုသာပြောလေ့ရှိပါလိမ့် . . . (ဒုက္ခသစ္စာပဲပြောလေ့ရှိပါတယ်)၊ ဒုက္ခသစ္စာပဲ ပြောလေ့ရှိတော့ ခင်ဗျားတို့က လှတယ်ထင်ပတယ်ထင် ထင်ပြီးသကာလ ဒုက္ခသည်ကြီးကို ခင်ဗျားတို့က တန်ဖိုးများတဲ့ အထည်အလိပ်တွေနဲ့ဖုံးရတာနဲ့ ဩော်

တော်သေးရဲ့ သူများနဲ့စာရင် ကိုယ်ကပြောင်ပြောင်ရောင် ရောင်ကလေးဝတ်ရသေးရဲ့ဆိုတဲ့ အဓိပ္ပါယ်မျိုးယူပစ်ကြတယ်၊ ဒုက္ခ သစ္စာမို့ ကာကွယ်ရတယ်လို့မလာပါဘူး. . . (မလာပါဘူးဘုရား)၊ ဘယ်လဲဆိုးဝါးပါလား. . . (ဆိုးဝါးပါတယ်)။

## ဆိုးဝါးပုံတွေပြင်းထန်လှချည်လား

ဩော် ဒကာဒကာမတွေ ခင်ဗျားတို့ဆိုးဝါးမှုကို ပြောနေမယ်ဆိုလို့ရှိရင်ဖြင့် ကုန်နိုင်ဖွယ်တောင်မရှိပါဘူး. . . (မရှိပါဘူးဘုရား)၊ တကယ်လို့ဆိုးဝါးပုံတွေပြင်းထန်လှချည်လားမေးရင်ဖြင့် ပြင်းထန်တယ်လို့ဖြေရုံမှတစ်ပါး ဘာမှမရှိဘူး ဆိုတာသေချာကြပြီလား. . . (သေချာပါပြီ)။

ကိုင်း ဒီနေရာက ဘာဖြစ်တဲ့နေရာတဲ့. . . (မျက်ရည်ကျတဲ့နေရာပါ)၊ ဩော် သေခါနီးဘယ့်နှယ်ကြောင့် မျက်ရည်ကျရပါ လိမ့်မတုံးမေးတော့မှ အဝိဇ္ဇာသင်္ခါရနဲ့ တစ်သက်လုံး ကုန်ခဲ့ပါတယ်ဘုရား၊ သဘောကျပြီလား. . . (ကျပါပြီ)။

ဘာနဲ့တစ်သက်လုံး အချိန်ဖြုန်းခဲ့ပါလိမ့်. . . (အဝိဇ္ဇာသင်္ခါရနဲ့ အချိန်ဖြုန်းခဲ့ပါတယ်)၊ အဝိဇ္ဇာက သစ္စာမသိတာ၊ သင်္ခါရက လောကီရေးရာတွေပြောလိုက်ဆိုလိုက်တာ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

## အဝိဇ္ဇာသင်္ခါရနဲ့အချိန်ကုန်ခဲ့တယ်

တစ်သက်လုံး ဘာနဲ့အချိန်ကုန်ခဲ့ပါလိမ့်. . .

(အဝိဇ္ဇာသင်္ခါရနဲ့ အချိန်ကုန်ခဲ့ပါတယ်) အဝိဇ္ဇာပစ္စယာ သင်္ခါရာနဲ့ အချိန်ကုန်ခဲ့တော့ သစ္စာသိတဲ့ဉာဏ် ပါသေးရဲ့လား. . . (မပါပါဘူး)၊ မပါတော့ ဒီနားမှာ ဘာဖြစ်ရသတုံး . . . (မျက်ရည်ကျရပါတယ်)။

မျက်ရည် ကျရတယ်၊ ဒီအကြည်နဲ့စပ်ရတော့မယ် ဆိုတာ ပြောတယ်၊ ဒီမှာကြည့်၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဟောဒီသမုဒယသစ္စာနဲ့ ဟောဒီဝိညာဏ်နာမ်ရုပ် ခွေး တိရစ္ဆာန်အပါယ်လေးပါးတည်းဟူသော တရားဖြစ်ရတော့ မှာပဲဆိုပြီး ဒီဒုက္ခတွေမြင်ရတဲ့အတွက် ဒီနေရာမှာ မျက်ရည်ကျတယ်. . . (မှန်ပါ)၊ ပေါ်ပြီလား. . . (ပေါ်ပါပြီ)။

အပါယ်ဒုက္ခကြီးကို မသေခင်မြင်ရတော့ ဒီနေရာ ဘာဖြစ်ရသတုံး. . . (မျက်ရည်ကျရပါတယ်)၊ ပြိတ္တာဒုက္ခကြီး လှမ်းပြီးဒီနေရာမှာ မသေခင်မြင်ရတော့. . . (မျက်ရည် ကျပါတယ်)၊ ဒီအစပ်ကလေးမှာ မျက်ရည်ကျတယ်၊ အကြော တွေဘာတွေတွန့် လိပ်ပြီးသကာလ ကယ်ကြပါဦး၊ ယူကြ ပါဦး ကျုပ်ဖြင့် ဒီလိုဒီလိုမြင် နေရပါတယ်လို့ ပြောချိန်လဲ မရဘူး၊ ကိုယ့်ဟာကိုယ် အုံ့ပုံးဆွေးဆွေးပြီး သကာလ သေဘေးဖြင့်လှလှကြီးနည်းပေါ့ဆိုပြီး သကာလဝိညာဏ် ချုပ်သွားတယ်. . . (မှန်ပါ)၊ ဘယ်လောက်နစ်နာသတုံး . . . (နာပါတယ်ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ အဝိဇ္ဇာပစ္စယာ သင်္ခါရာနဲ့ အချိန်ကုန်ခဲ့တဲ့ ဖြစ်ထွေလောက်ဆိုးဝါးတာဖြင့် ဒကာ ဒကာမတို့ ရှာမတွေ့ပါဘူး. . . (မတွေ့ပါဘူးဘုရား)။

## ဆရာကောင်းတွေ့ရလို့မှားချက်တွေသိရပြီ

သိုသော် ဆရာကောင်းသမားကောင်းနဲ့တွေ့ရလို့ ဩော် တို့လုပ်နေတာ မှားချက်ပြင်းထန်လှချက်တာ နေ့တိုင်း သစ္စာမသိဘူးလားဟ. . . (မှန်ပါ)၊ နေ့တိုင်း ကာယကံ ဝစီကံ သင်္ခါရလုပ်နေတယ်၊ အချိန်ကုန်တာက အဝိဇ္ဇာပစ္စယာ သင်္ခါရာနဲ့ အချိန်ကုန်တယ်၊ တစ်ဘဝလုံးပဲဆိုကြပါစို့. . . (မှန်ပါ)။

အဲဒီနားကျတော့ ဒီဘဝကူးရတော့မယ်၊ ဒီဟာအဆက် ကိုပြတာ. . . (မှန်ပါ)၊ ဒီနေရာမှာမသေဘဲနဲ့ ဒီဘဝရ ပါ့မလား. . . (မရပါဘူး)၊ ဒီနေရာမျက်ရည်ကျတဲ့နေရာ၊ အကြောဆွဲတဲ့နေရာ . . . (မှန်ပါ)၊ မမြင်ကောင်းတာမြင်ရတဲ့ နေရာ. . . (မှန်ပါ)။

## မသွားချင်ဘဲနဲ့သွားရတော့မယ်

အဲဒီတော့ ဒကာဒကာမတို့ ဒီနေရာမှာမမြင်ကောင်း တာ မြင်ရ မသွားချင်ဘဲနဲ့သွားရတော့မယ်ဆိုတော့မျက်ရည် ကြီးငယ် ကျပြီးညိုးနွမ်းပြီးသကာလ တစ်ခါတည်းဒကာ

ဒ ကာမတို့၏ ခန္ဓာကိုယ်ဟာ မသေခင်က အသုဘရုပ်ကြီး ပေါ်လာတယ်၊ မသာသမား တွေကပြင်ကြဆင်ကြသော်လဲ သူ့ရုပ်ကတော့ ညှိုးတဲ့ရုပ်ပဲလာ တော့တယ်၊ ဒီပြင်ဘာလာ သေးတုံး. . . (မလာပါဘူးဘုရား)။

ကိုင်း ဒါဖြင့် သူဘာနဲ့အချိန်ကုန်ခဲ့တယ်ဆိုတာ ပေါ်ရောပေါ့ဗျာ. . . (ပေါ်ပါပြီ)၊ ဘာနဲ့အချိန်ကုန်ခဲ့ သလဲ. . . (အဝိဇ္ဇာ သင်္ခါရနဲ့ အချိန်ကုန်ခဲ့ပါတယ်ဘုရား)၊ ဒကာဒကာမတွေကိုယ်ကျိုးနည်းပါပြီ. . . (မှန်ပါ)။

## မသေခင်မို့ကူညီနိုင်တာ

ဒါမသေခင်မို့ ပြောနေတယ်နော်. . . (မှန်ပါ)၊ သေတော့ ဘုန်းကြီးများက အကူအညီပေးနိုင်မယ် ထင်ကြ သလား. . . (မထင်ပါဘူး)။

ခင်ဗျားတို့အသေကဖျပ်ဆိုအသေစိတ်ကလေးပေါ်ပြီး ဖျပ်ဆိုဒီဘက်ကူးသွားတယ်. . . (မှန်ပါ)၊ ငရဲတိရစ္ဆာန် ဘက်ကူးသွားတော့ ကူညီချိန်တောင်ရသေးရဲ့လား. . . (မရပါဘူး)၊ တယ်လဲကြောက်စရာကောင်းပါလား. . . (ကောင်းပါတယ်ဘုရား)။

ကိုင်း ဒါဖြင့် ဒီဒကာဒကာမတွေ ဝိဇ္ဇာနဲ့တပည့်တော်တို့ နိုးပါတော့မယ်ဘုရား၊ ဝိဇ္ဇာနဲ့အိပ်ပါတော့မယ်. . . (မှန်ပါ)၊ ခန္ဓာကိုယ်ကို ဉာဏ်နဲ့ကြည့်ပြီးသကာလ ဝိဇ္ဇာဉာဏ်နဲ့ပဲ

ဩဇာ် နာတာကျင် တာကိုက်တာခဲတာ ဒုက္ခသစ္စာ၊ ခဏ ခဏ ပြောင်းရွှေ့ရတာ ဒုက္ခသစ္စာ၊ ဖြစ်ပြီးပျက်နေတဲ့ ဥစ္စာသည်. ဒုက္ခသစ္စာ၊ ဆိုပြီးသကာလ အိပ်တဲ့အခါမှာ ဒုက္ခသစ္စာကို ဆင်ခြင်အိပ်ပါ. . . (မှန်ပါ)။

## ဒုက္ခသစ္စာမို့ ဒုက္ခပဲပြောတယ်

နံ့ရင်နိုးချင်းလဲ ဒကာဒကာမတွေက ဩဇာ် ညောင်းသုက်တာ ကိုက်လိုက်တာခဲလိုက်တာ ခေါင်းထဲက ပူလိုက်တာ၊ ဥတုရာသီကာမကောင်းတော့အိုက်လိုက်တာ၊ ဩဇာ် ခန္ဓာကိုယ်ကြီးဟာ ဒုက္ခသစ္စာ ဒုက္ခတွေပဲပြော နေတာပဲ. . . (မှန်ပါ)၊ အခြားသောတရား ဘာတွေများခန္ဓာက ပြောသေးသတုံး. . . (မပြောပါဘူး)၊ ဒုက္ခသစ္စာမို့ ဒုက္ခပဲ ပြောတယ်ဆိုတာ မပေါ်လာဘူးလား. . . (ပေါ်လာပါတယ်)။

အဲဒါတွေကိုကြည့်လိုက်တဲ့အခါကျတော့မှ ဩဇာ် ဒုက္ခသစ္စာကြီး ကျင်ငယ်စွန့်ရ ကျင်ကြီးစွန့်ရ ကော်ဖီတိုက်ရ လက်ဖက်ရည်ကြမ်းတိုက်ရ၊ ဒီဒုက္ခရောက်နေလို့ဆေးကုမနေရ ဘူးလား. . . (မှန်ပါ)၊ မိုးလင်းလာရင် သူ့ကိုကုရပြီ. . . (မှန်ပါ)။

မိုးလင်းလာရင်သူ့ကိုဘာလုပ်ရသတုံး. . . (ဆေးကုရပါ တယ်)၊ ဩဇာ် သုခမို့ကုရတာလား၊ ဒကာဒကာမတို့ ဒုက္ခမို့ ကုရတာလား. . . (ဒုက္ခမို့ကုရတာပါ)၊ ဒုက္ခမို့ကုရတာ ဆိုတာ သေချာပြီလား. . . (သေချာပါပြီ)။

ဪော် ဒါဖြင့် ဒကာဒကာမတို့ ဒီခန္ဓာကြီးပင်ကို သဘောက ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါ)၊ ရှင်း ပြီလား. . . (ရှင်းပါပြီ)။

ကိုင်းဒါဖြင့် အဝိဇ္ဇာသင်္ခါရနဲ့ အချိန်ကုန်နေရင် ဒီမှာ မျက်ရည်ကျ. . . (မှန်ပါ)၊ ဒီခန္ဓာတွေကအပါယ်လေးပါးခန္ဓာ . . . (မှန်ပါ) ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါ) ဟော မင်းတို့ရသည့် ပစ္စုပ္ပန်ဘဝမှာ ဒါလာပါလိမ့်မကွာ တဲ့နော်. . . (မှန်ပါ)။

ဒကာဒကာမတို့ ရိပ်မိပြီလား. . . (ရိပ်မိပါပြီ)၊ ဒီ ခန္ဓာငါးပါးက တိရစ္ဆာန်ခန္ဓာပဲဖြစ်နိုင်တယ်၊ အခြားအပါယ် ခန္ဓာရော. . . (ဖြစ်နိုင်ပါတယ်)၊ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

## အဝိဇ္ဇာသင်္ခါရနဲ့ အချိန်ကုန်ခဲ့လို့

ဪော် ဘယ့်နှယ်ကြောင့် ဒီဒုက္ခသစ္စာကြီးနဲ့ လှလှ တွေ့ရပါလိမ့်မလဲဆိုတဲ့ မေးခွန်းထုတ်တော့မှ အဝိဇ္ဇာသင်္ခါရနဲ့ အချိန်ကုန်ခဲ့တဲ့အတွက် အပါယ်လေးပါးဒုက္ခသစ္စာကြီး ဒီမှာမြားကပြတယ် . . . (မှန်ပါ)၊ မပြဘူးလား. . . (ပြပါတယ် ဘုရား)။

ဒီမြားက အလင်္ကာရေးထားတာလား မင်းတို့ငိုပြီး သကာလ မျက်ရည်ကျပြီး အပါယ်လေးပါးခန္ဓာငါးပါး ဒုက္ခသစ္စာတရားဟာ ကိုယ်ပိုင်ဖြစ်မကွလို့ ဒီမြားက

မပြဘူးလား. . . (ပြပါတယ်)၊ ပေါ်ပြီလား. . . (ပေါ်ပါပြီ)။

ကဲ. . . ဒါဖြင့် . . ဒါ ယခုပစ္စုပ္ပန်ဘဝ တရားနာနေကြတာ ဒီအထဲမှာ၊ ဒါလူခန္ဓာပဲထားလိုက်ပါဦး. . . (မှန်ပါ)၊ လူခန္ဓာပေမယ့် နောက်က အဝိဇ္ဇာသင်္ခါရအတိတ်ကကိုးဗျ။ အဝိဇ္ဇာသင်္ခါရကြောင့် ယခုခန္ဓာငါးပါးမပေါ်လား. . . (ပေါ်ပါတယ်)၊ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါ)။

ဒါဖြင့် အတိတ်ဘဝက မိုက်လုံးသန်ခဲ့လို့ ယခုတော့ဖြင့် ဒုက္ခကြီးရောက်နေပါပြီ. . . (ရောက်ပါပြီဘုရား)၊ မရောက်သေးဘူးလား. . . (ရောက်ပါပြီ)။

## သေမည့်ဘက်ပြေးနေတာ

ကိုင်းဒါဖြင့် ဒီဒုက္ခသစ္စာထဲမှာ ဒကာဒကာမတို့ နေရတာဖြင့် ငြင်းဖို့မလိုတော့ဘူး. . . (မလိုတော့ပါဘူး)၊ ဒီခန္ဓာကြီးဟာအို ဘေးနာဘေးသေဘေးတွေနဲ့များ ရောထွေးနေသလား. . . (ရော ထွေးနေပါတယ်ဘုရား)၊ တစ်နေ့တခြားအို၊ တစ်နေ့တခြားနာပြီး။ တစ်နေ့တခြား သေမယ့်ဘက်ပြေးတာ သူ့အရေးပဲမဟုတ်လား. . . (မှန်ပါ)၊ ခန္ဓာ၏လမ်းစဉ်ပဲမဟုတ်လား. . . (မှန်ပါ)၊ ဘာသစ္စာပါလိမ့် . . . (ဒုက္ခသစ္စာပါဘုရား)။

ဪ ဒကာဒကာမတွေ ၁-ထဲမှာနေသလား၊ ၂-ထဲမှာ နေသလား. . . (၂-နံပါတ်ထဲမှာနေပါတယ်)၊ ပစ္စုပ္ပန်ဘဝကိုးဗျ. . . (မှန်ပါ)။

## ဒုက္ခသစ္စာတွေတရားနာနေကြတာ

ဒါဖြင့်အခုတရားနာနေကြတာယောကျ်ားတွေလား၊ မိန်းမတွေလား၊ ဒုက္ခသစ္စာတွေလား. . . (ဒုက္ခသစ္စာတွေပါ)။

အဲဒီအထဲမှာဘာပဲပေါ်ပေါ် ယခုအချိန်မှာအိုက်လို့ ပန်ကာတွေလှည့်ထားတယ်၊ ဘာကြောင့် ဒီပန်ကာတွေ ဒကာ ဒကာမတွေအလိုရှိပါလမ့်ဆိုတော့ ဒုက္ခရောက်လို့ဘုရား . . . (မှန်ပါ)၊ ပန်ကာအပေါ်က ဒုက္ခရောက်လို့လှည့်ပြား သော်လဲ အောက်ပိုင်းကပူတယ်ဆိုပြီး အောက်ပိုင်းကဒုက္ခ သစ္စာရတယ်. . . (မှန်ပါ)။

အပေါ်ပိုင်းက အကူအညီရလို့ သက်သာသလိုလိုနဲ့ အောက်ပိုင်းကဒုက္ခသစ္စာဖြစ်နေတယ်. . . (မှန်ပါ)။

တစ်ခါအောက်ပိုင်းက ပူလို့ညောင်းလို့လှည့်ပြန် တော့လဲ ဒကာဒကာမတို့မလှည့်ခင်က ဒုက္ခရောက်နေ တယ်. . . (မှန်ပါ)၊ လှည့်ပေးလိုက်ရပြန်တယ်. . . (မှန်ပါ)။

လှည့်ပေးလိုက်ရတဲ့ အခါကျလို့ရှိရင်ဖြင့် ရောက် ခါစမှာ ဒကာဒကာမတွေက သက်သာသလိုလိုနဲ့ ရောက်ခါစ မှာလဲ ဒုက္ခစ တာပါပဲ. . . (မှန်ပါ)။

ရောက်ခါစမှာလဲ. . . (ဒုက္ခစပါတယ်ဘုရား)၊ ရပ် လာပြန်တော့ ဒုက္ခကြီး ဖြစ်ဘူးလား. . . (ဖြစ်ပါတယ်)။

## ဒုက္ခရောက်လို့ပြောင်းနေရတာ

အေး ဒါကြောင့် ခန္ဓာကိုယ်ပြောင်းတိုင်း လွှဲတိုင်းဟာ

ဒုက္ခရောက်လို့ပြောင်းခံရတယ်၊ ဒုက္ခသစ္စာမို့ ဒုက္ခကို ပြောနေတာပဲဆိုတာတော့ မငြင်းပါနဲ့တော့. . . (မငြင်းပါဘူးဘုရား)၊ သဘောပါကြပြီလား. . . (ပါပါပြီ)။

အဲဒီတော့ ဒုက္ခသစ္စာကိုတခြားမှာ ရှာရမှာလား ခန္ဓာတစ်ကိုယ်လုံး၏ ပြောင်းလွဲမှုကို မလုပ်ဘဲမနေနိုင်တာနဲ့ ဒုက္ခရောက်လို့ပြောင်းရတာချည်းပဲ. . . (မှန်ပါ)၊ ဒါကြောင့် ဒုက္ခကြီးနဲ့ ဒုက္ခလေးလဲနေရတဲ့ ခန္ဓာမို့ ဒုက္ခသစ္စာ. . . (အမှန်ပါ)။

နာတယ်ဆိုတော့ ဒုက္ခကြီးမဟုတ်လား. . . (မှန်ပါ) ပြောင်းလိုက်သည်နဲ့ တစ်ပြိုင်နက်ဟိုဘက်မှာ ဒုက္ခကလေးစတယ်. . . (မှန်ပါ)။

## ဒုက္ခကြီးနဲ့ဒုက္ခလေးပြောင်း

ဒါဖြင့် ဒကာဒကာမတို့ တစ်နေ့မှာဘာနဲ့ဘာလဲလှယ်ပြီး အချိန်ကုန်ပါလိမ့်. . . (ဒုက္ခကြီးနဲ့ဒုက္ခလေးလဲလှယ်ပြီးအချိန်ကုန် ပါတယ်)၊ ပထမနာတုန်းကတော့ဒုက္ခကြီးပေါ့လေ. . . (မှန်ပါ)။ ပြောင်းလိုက်တဲ့အခါကျတော့ ဘာလာသတုံး. . . (ဒုက္ခလေးလာပါတယ်)၊ ဒုက္ခလေးစတယ် အဲဒီဒုက္ခကလေးကြီးပြန်တော့ ဘာလုပ်ရသတုံး. . . (ပြောင်းရပြန်ပါတယ်)၊ ပြောင်းတော့ဒုက္ခလေးမစဘူးလား . . . (စပါတယ်)။

ဒါဖြင့်တစ်ကိုယ်လုံးမှာဖြင့် ဒုက္ခကြီးနဲ့ဒုက္ခလေးဆက်နေတာပဲ. . . (မှန်ပါ)၊ ဒုက္ခကြီးဆုံးသွားရင်. . .

(ဒုက္ခလေးစပါတယ်)၊ အဲ ဒုက္ခလေးပြီးရင် ဒုက္ခကြီးလာလို့ ရှုရင်ဖြင့် ပြောင်းကြလွဲကြတော့ကို တစ်ခါ ဒုက္ခလေးပြန်စပြန်တယ် . . . (မှန်ပါ)၊ မစဘူးလား . . . (စပါတယ်)၊ ပေါ်ကြပြီလား . . . (ပေါ်ပါပြီ)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေဘယ်တော့ ချမ်းသာကြသတုံး . . . (ဘယ်တော့မှမချမ်းသာပါဘူး)၊ အဲဒီမချမ်းသာတာ ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါ)၊ ဒုက္ခသစ္စာဆိုတာပေါ်ကြပြီလား . . . (ပေါ်ပါပြီ)။

ဒါဖြင့် ဘုန်းကြီးဒကာဒကာမတွေ၌ ဒုက္ခသစ္စာဆိုတဲ့ ဥစ္စာ တခြားလားအောက်မေ့နေတယ် ဒုက္ခကြီးနဲ့ဒုက္ခလေး လှည့်တာပဲရှိတာကိုဆိုကာကိုး . . . (မှန်ပါ)၊ ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

## ဘာနဲ့ဘာလှည့်နေတာပါလိမ့်

ဘာနဲ့ဘာလှည့်နေပါလိမ့် . . . (ဒုက္ခကြီးနဲ့ဒုက္ခလေး လှည့်ပါတယ်)။

လှည့်စမှာဒုက္ခလေး . . . (မှန်ပါ)၊ ရင့်ကျက်လာပြန်တော့ . . . (ဒုက္ခကြီးပါ)၊ ဒုက္ခကြီးနဲ့မခံနိုင်လို့ ပြောင်းပြန်တော့ . . . (ဒုက္ခလေးပါဘုရား)၊ ဒုက္ခလေးရင့်ကျက်လာပြန်တော့ . . . (ဒုက္ခကြီးပါဘုရား)၊ မခံနိုင်လို့ ပြောင်းလိုက်ပြန်တော့ . . . (ဒုက္ခ လေးပါဘုရား)။

ဩော်. . . ဒကာဒကာမတို့ ခင်ဗျားတို့မှာဖြင့်ဒီနှစ်ခုပဲ လှည့်နေတယ်. . . (မှန်ပါ)၊ ဒီနှစ်ခုလှည့်နေတော့ ဒုက္ခလေးကဘာသစ္စာလဲ. . . (ဒုက္ခသစ္စာပါ)၊ ဒုက္ခကြီးကလဲ . . . (ဒုက္ခသစ္စာပါ)။

အဲဒီပြောင်းတိုင်းပြောင်းတိုင်းသာ ဩော် ဒုက္ခသစ္စာ ဩော် ဒုက္ခသစ္စာအစ ဩော် ဒုက္ခကြီးလို့၊ ဒုက္ခကလေးအစနဲ့ ဒုက္ခကြီး ချည်းပဲဉာဏ်ထဲမှာတွေ့နေလို့ရှိရင်ဖြင့် ရုပ်ဘက်ကလဲဒီအတိုင်းပဲ. . . (မှန်ပါ)၊ စိတ်တွေဝေဒနာတွေဘက်ကလဲ ဖြစ်စဒုက္ခလေး၊ ဖြစ်ဆုံးဒုက္ခကြီး. . . (မှန်ပါ)၊ သဘောကျပြီလား. . . (မှန်ပါ)။

ဖြစ်စမှာ. . . (ဒုက္ခလေးပါ)၊ ဖြစ်ဆုံးကျတော့. . . (ဒုက္ခကြီးပါ)။

ဒကာဒကာမတို့နာမ်ဘက်ကလဲ ဒုက္ခလေးအစနဲ့ဒုက္ခကြီးအဆုံး. . . (မှန်ပါ)၊ သဘောကျပြီလား. . . (ကျပါပြီ)၊ ရုပ်ဘက်ကလဲဒုက္ခကြီးအဆုံးနဲ့ဒုက္ခလေးအစပဲ. . . ဒါပဲရှိတယ်. . . (မှန်ပါ)။

## ဘာပေါ်ပေါ်ဒုက္ခသစ္စာ

ဒါဖြင့် ဒီခန္ဓာကြီးဟာ ရုပ်ပေါ်ပေါ် နာမ်ပေါ်ပေါ် ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါ)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီ)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

အဲဒါသူများပြောလား ကိုယ်ကိုယ်တိုင်ပြောင်းလွဲနေရတာလား. . . (ကိုယ်ကိုယ်တိုင်ပြောင်းလွဲနေရတာပါ)၊ ဒါတောင်မရိပ်မိဘူး. . . (မှန်ပါ)။

အဲဒါချည်းနှလုံးသွင်းနေတော့ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်ပါတယ် . . . (မှန်ပါ)။

## သာယာစွဲလမ်းတာမပါတော့ဘူး

ဒါကြောင့် ဒီခန္ဓာကြီးဟာ ပေါ်တိုင်းပေါ်တိုင်း ဒုက္ခကြီးနဲ့ ဒုက္ခကလေး လဲနေတယ်၊ စိတ်မှာလဲ ဒုက္ခကလေးစပြီး ဒုက္ခကြီး လ ဆုံးသွားတယ်လို့ သိလို့ရှိရင် ဒီနေရာမဂ်ကလေးပေါ်လာတယ် . . . (မှန်ပါ)၊ မဂ်ကဒီအဆက်ဖြတ်ချလိုက်တယ်. . . (မှန်ပါ)၊ ဖြတ်ချလိုက်တဲ့အခါကျတော့ ဒီဘက်ကူးသေးသလား. . . (မကူးပါဘူး)၊ ဒုက္ခကြီးသာယာတာပါသေးသလား. . . (မပါပါဘူး)၊ ဒုက္ခကြီးစွဲလမ်းတာကော. . . (မပါပါဘူး) ဒုက္ခကြီးနောက်လိုချင်တဲ့ကံတွေကော အားထုတ်သေးသလား. . . (မထုတ်ပါဘူး)။

## ဒုက္ခပြောင်း ယ်လို့သိတာမဂ္ဂသစ္စာ

အဲဒီတော့ တဏှာဥပါဒါန်ကံ ချုပ်ပါတယ်တဲ့၊ ဒုက္ခကြီးနဲ့ ဒုက္ခလေးပြောင်းတာသိနေလို့ရှိရင်. . . (မှန်ပါ)၊ ဒုက္ခကြီးနဲ့ဒုက္ခလေးက ဘာသစ္စာ. . . (ဒုက္ခသစ္စာပါ)၊

ဒုက္ခကြီးနဲ့ ဒုက္ခလေးပြောင်းနေတယ်လို့ သိတာက. . . (မဂ္ဂသစ္စာပါ)၊ မဂ္ဂသစ္စာဆိုတော့ ဒီမဂ်ဟာ ကိလေသာဖြတ်တယ်. . . (မှန်ပါ)၊ တဏှာဖြတ်တယ်-ဥပါဒါန် ဖြတ်တယ် . . . (မှန်ပါ)၊ ဒီဥပါဒါန်ကော. . . (ဖြတ်ပါတယ်)၊ ကံကောဗျာ. . . (ဖြတ်ပါတယ်)။

အဲဒီလိုဖြစ်တာတွေ ဒကာဒကာမတွေက သိတဲ့ဒ၊ခါကျတော့မှ ဩော် ကို့ကိုးစားရာဟာမဂ်ပါလား. . . (မှန်ပါ)၊ ဒီဘက် အသစ်သမုဒယသစ္စာလာ သေးသလား. . . (မလာပါဘူး)၊သူမှမလာဘဲနဲ့ နောက်ဒုက္ခသစ္စာ အနာဂတ်ဘဝ ဘယ့်နှယ်တုံး. . . (မလာပါဘူး)၊ မလာတော့ဘူးဆိုတာ သေချာပြီလား. . . (သေချာပါပြီ)။

ဒါဖြင့် ဒကာဒကာမတို့ ဒုက္ခသည် ဒုက္ခသစ္စာ. . . (မှန်ပါ)၊ သိတာသည်. . . (မဂ္ဂသစ္စာပါ)၊ သေတာက. . . (သမုဒယသစ္စာပါ)၊ နောက်ခန္ဓာမလာတာက. . . (နိရောဓသစ္စာပါဘုရား)။

## သစ္စာသိတော့နိဗ္ဗာန်ရောက်တယ်

နိရောဓသစ္စာဆိုတာ အားလုံးဒကာဒကာမတွေဩော် နိဗ္ဗာန်ဆိုတာ မဝေးပါလားဟ. . . (မှန်ပါ)၊ သစ္စာသိလိုက်ရင် ရောက်တာပဲ. . . (မှန်ပါ)။

မယုံရင် ဒီခန္ဓာကြီးထဲမှာ ဒုက္ခကလေးအစ

ဒုက္ခကြီးအဆုံး . . . (မှန်ပါ)၊ ပေါ်ကြပြီလား. . . (ပေါ်ပါပြီ)၊ နာမ်ကျတော့ ပေါ်လာတဲ့အဟောဒုက္ခကလေး၊ ဒုက္ခကြီးအဆုံး. . . (မှန်ပါ)၊ ရုပ်ကျတော့ ဒုက္ခကြီးအဆုံးနဲ့ဒုက္ခလေးအစ ဒီလိုမလာဘူးလား. . . (လာပါတယ်)၊ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါ)၊ အဲဒါက ဒုက္ခသစ္စာ၊ သိတာက . . . (မဂ္ဂသစ္စာပါ)။

## သံသရာဖြတ်တာမဂ်ပဲ

သြော် ဒါဖြင့်သံသရာဖြတ်တာ မဂ်ပဲ. . . (မှန်ပါ)၊ ဒကာဒကာမတို့ ရိပ်မိပါပြီ. . . (ရိပ်မိပါပြီ)။

ဒီကြားကလေးပြတ်ထွက်သွားတယ်၊ ဒီနေရာမဂ်ပေါ်လိုက်တာ. . . (မှန်ပါ)၊ ဒီအစပ်ကလေးပျောက်တယ်. . . (မှန်ပါ)။

ဒီအစပ်ကလေးဘာဖြစ်သတုံး. . . (ပျောက်ပါတယ်ဘုရား)၊ ပျောက်သွားတယ်၊ မစပ်နဲ့တော့ဟော့-ဖြတ်ပေါ့ဆိုတာကမဂ်ကလာတာ. . . (မှန်ပါ)၊ မစပ်နဲ့ဖြတ်မယ်ဆိုတာက ဘယ်သူပါလိမ့် . . . (မဂ်ပါဘုရား)။

ဒီမဂ်က ဒကာဒကာမတို့ လက်ရှိခန္ဓာကိုဒုက္ခလို့မြင်ရင် ဒီနေရာ မဂ်ပေါ်တယ်. . . (မှန်ပါ)။

ဒါဖြင့် မဂ်ဖိုလ် ရရပါလို၏ဆို လို့ရတာလား၊ အစပ်ဖြတ်နိုင် လို့ရတာလား. . . (အစပ်ဖြတ်နိုင်လို့ရတာပါ)၊

ဒါဖြင့်ဒုက္ခသစ္စာသိ လို့ရတာ. . . (မှန်ပါ)၊ သိလို့လဲပြတ်သွားတယ်. . . (မှန်ပါ)၊ သ ဘောပါကြပြီလား. . . (ပါပါပြီ)။

## သေပျော်တဲ့တရား

ဟာ သူများပြောလား-ကိုယ့်ဒုက္ခကိုယ်သိတာ နဲ့ ပြတ်သွား တာလား. . . (ကိုယ့်ဒုက္ခကိုယ်သိတာနဲ့ ပြတ်သွားတာပါဘုရား)၊ သိပ်အဖိုးတန်ပါလား. . . (တန်ပါတယ်ဘုရား)၊ ဒကာဒကာမတို့ သေပျော်တဲ့တရားဆိုတာ ပေါ်ပြီလား. . . (ပေါ်ပါပြီ)။

ဘာဖြစ်လို့သေပျော်တဲ့တရားလို့ ဘုန်းကြီးက အသားပေးပြီးပြောရပါလိမ့်မလဲလို့ မေးခွန်းထုတ်တဲ့အခါကျတော့ ဒါကိုဖြတ်ဖို့ ရာအရေး ခင်ဗျားတို့ဉာဏ်ထဲမှာတော့ ပါကိုမပါဘူး. . . (မှန်ပါ)။

## သိသိနေမှမဂ္ဂသစ္စာ

ဒီထဲက ဒုက္ခသစ္စာ၊ သိတာကမဂ္ဂသစ္စာဆိုတာသိသိနေမှ မဂ္ဂသစ္စာဖြစ်တာ. . . (မှန်ပါ)၊ မသိလို့ရှိရင်. . . (မဖြစ်ပါဘူး)၊ မသိလို့ရှိရင် ပြတ်ကော ပြတ်ပါ့မလား . . . (မပြတ်ပါဘူး)။

ဒါဖြင့် ခင်ဗျားတို့သိတဲ့အချိန်နဲ့မသိတဲ့အချိန် ဘယ်ဟာကများသံတုံး. . . (မသိတဲ့အချိန်ကများပါတယ်)။

ဒါဖြင့်ဒုက္ခသစ္စာ၊ မသိတာက ဒီနေရာမှာ အဝိဇ္ဇာနဲ့

တကျော့တွဲလိုက်. . . (မှန်ပါ)၊ မတွဲရပေဘူးလား. . . (တွဲရပါတယ်)၊ အဲ တကျော့ပစ္စယာ. . (ဥပါဒါန်)၊ ဥပါဒါန ပစ္စယာ. . (ကမ္မဘဝေါ)၊ ကမ္မဘဝပစ္စယာ. . . (ဇာတိပါ ဘုရား)၊ ဟော ခင်ဗျားတို့ဘ၀ဆက်သွားပြီ. . . (မှန်ပါ)၊ မဆက်ဘူးလား. . . (ဆက်ပါတယ်ဘုရား)။

## မသိရင်သမုဒယ၊ဒုက္ခ

ခင်ဗျားတို့မသိတော့ အဝိဇ္ဇာနဲ့တကျော့က ဘာသစ္စာတုံး . . . (သမုဒယသစ္စာပါ)၊ သေခါနီး၌ဟောဒီမှာ မျက်ရည်ကျရပြန်ပြီ၊ မျက်ရည်ကျပြီးဒီဘက်ကူးတော့ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါ)၊ဒါဖြင့်ခင်ဗျားတို့ သမုဒယ+ဒုက္ခ၊ သမုဒယ+ဒုက္ခ အဝိုင်းကြီးလည်တယ် . . . (မှန်ပါ)၊ ပဋိစ္စသမုပ္ပါဒ်လည်တာပေါ်ပလား. . . (ပေါ်ပါပြီ)။

## အဝိုင်းကြီးလည်နေတယ်

အဲဒါကြောင့် ဒကာဒကာမတွေ ခင်ဗျားတို့ဖြစ်တွေ့ ကြည့်ရတာဖြင့် သမုဒယနဲ့ဒုက္ခသာလည်နေတယ်၊ ဒီအထဲမှာ မဂ္ဂပါကို မပါဘူး. . . (မှန်ပါ)၊ မဂ်ဆိုတာ ကိလေသာ အကန့် အကွက်တွေ ဖြတ်ပါတယ်လို့ စာတော့ဖတ်ကြပါရဲ့၊ ကိုယ့်ဒုက္ခကိုယ်မသိတော့ မဂ်ကပေါ်ရဲ့လား. . . (မပေါ်ပါဘူး)၊ ကိုယ့်ဒုက္ခကိုယ်မသိကတည်းက ဖြတ်ပေးပါ့မလား . . . (ဖြတ်မပေးပါဘူး)၊ မဖြတ်ရင်ဆက်-စပ်တယ်. . . (မှန်ပါ)။

## စိန်တွေရွှေတွေနဲ့အချိန်ကုန်ခဲ့တယ်

မဖြတ်လို့ရှိရင်. . . (ဆက်ပါတယ်၊စပ်ပါတယ်ဘုရား)၊ အဲဒါကြောင့် ခင်ဗျားတို့ရွှေနဲ့၊ ခင်ဗျားတို့စိန်နဲ့၊ ခင်ဗျားတို့တိုက်နဲ့၊ ခင်ဗျားတို့ကားနဲ့၊ ခင်ဗျားတို့ကျောက်နဲ့ အချိန်ကုန်နေတဲ့အဖြစ်ကဖြင့် ကိုယ်ကျိုးနည်းပေါ့ . . (မှန်လှပါ)သစ္စာသိပြီးအချိန်ကုန်မှ သံသရာပြတ်မယ် . . . (မှန်ပါ)၊ သစ္စာမသိဘဲနဲ့အချိန်ကုန်ခဲ့သော် . . . (မပြတ်ပါဘူး)။

အဲဒါကြောင့်မအိပ်ခင်လဲ ဒီခန္ဓာ ဘာသစ္စာတုံး ကြည့်. . . (ဒုက္ခသစ္စာပါ)၊ နိုးပြန်တော့ ပေါ်လာတာဟူသမျှ တို့ဟာ. . . (ဒုက္ခ သစ္စာပါ)။

## မအိပ်ခင်ဒုက္ခသစ္စာတွေးပါ

အဲဒါကြောင့် မအိပ်ခင်လဲဒုက္ခသစ္စာတွေး . . . (မှန်ပါ)၊ အိပ်လိုနိုးပြန်တော့ကော. . . (ဒုက္ခသစ္စာပါ)၊ နိုးတဲ့အချိန်မှာတွေးနေလို့ရှိရင်တွေးလုံးကမဂ္ဂသစ္စာ၊ သူက ဒုက္ခသစ္စာ. . . (မှန်ပါ)၊ ဒီဘက်သံသရာမပြတ်ဘူးလား. . . (ပြတ်ပါတယ်)၊ ဘာသစ္စာပြတ်သတုံး . . . (သမုဒယသစ္စာ ပြတ်ပါတယ်)၊ သူပြတ်သွားတယ်ဆိုတော့ ဒီအဆက်ရှိ သေးရဲ့လား. . . (မရှိပါဘူး)၊ ဒီအဆက်မရှိတော့ ဒီအဆက် နဲ့ဆက်မိသေးရဲ့လား. . . (မဆက်မိပါဘူး)။

ဒါဖြင့် သမုဒယနဲ့ ဒုက္ခချုပ်တယ်ဆိုတော့ သမုဒယချုပ်လဲ နိဗ္ဗာန်ပဲ. . . (မှန်ပါ)၊ ဒုက္ခချုပ်ကော. . . (နိဗ္ဗာန်ပါ)။

## ကိုယ့်ခန္ဓာဒုက္ခသစ္စာပွားများ

ဒါဖြင့် နိဗ္ဗာန်ရောက်ဖို့ အလုပ်ဟာ ဒကာဒကာမတို့ ကိုယ့် ခန္ဓာဒုက္ခသစ္စာပွားများမှုအလုပ်. . . (မှန်ပါ)၊ ဆုတောင်းနေတဲ့အလုပ်သည် လိုရင်းအလုပ်မဟုတ်သေး . . . (မှန်ပါ)၊ ဆုတောင်းနေရုံနဲ့ ရကောရရဲ့လား . . . (မရပါဘူး)၊ ကိုယ့်ဒုက္ခကိုယ်သိမှမဂ်ပေါ်တယ်. . . (မှန်ပါ)။

## ဒုက္ခချုပ်တာနိဗ္ဗာန်

ဒီခန္ဓာကြီးဟာ ကိုယ့်ဒုက္ခပေါ့ဗျာ. . . (မှန်ပါ)၊ ကိုယ့်ဒုက္ခ ကိုယ်သိတာက. . . (မဂ္ဂပါဘုရား)၊ မဂ္ဂဖြစ်ပြီးသကာလ ကိုယ့်ဒုက္ခကိုယ်သိတယ်ဆိုတော့ ဒီမှာပြတ်ထွက်သွားတယ်. . . (မှန်ပါ)၊ သူများပြောတာလား ဒီနေရာကိုပြတ်တာလား. . . (ဒီနေရာကို ပြတ်တာပါ)၊ ဒီနေရာပြတ်တော့ ခင်ဗျားတို့ဟာ သမုဒယသစ္စာချုပ်၊ ဒုက္ခသစ္စာကော. . . (ချုပ်ပါတယ်)၊ ဒါဖြင့် သမုဒယချုပ်ရာလဲ နိဗ္ဗာန်ပဲ. . . (မှန်ပါ)၊ ဒုက္ခချုပ်ရာကော. . . (နိဗ္ဗာန်ပါ)။

## တွေးလုံးထုတ်နေစမ်းပါ

ဩော် ဒါဖြင့် ခန္ဓာကိုယ်ကြီး ပြေးတိုင်းပြေးတိုင်း

ပြောင်း တိုင်းလွှဲတိုင်းပဲ ဒုက္ခအစနဲ့ ဒုက္ခအဆုံး. . . (မှန်ပါ)၊ နာမ်ကလေးပေါ်လာရင်ကော. . . (ဒုက္ခအစနဲ့ ဒုက္ခအဆုံးပါ)၊ ဒုက္ခအစနဲ့ ဒုက္ခ အဆုံးမှတစ်ပါး ဘာရှိသတုံး. . . (ဘာမှမရှိပါဘူး)၊ အဲဒါတွေ့တွေးလုံးထုတ်နေစမ်းပါ. . . (မှန်ပါ)။

**သစ္စာလေးပါး**

တွေးလုံးထုတ်တဲ့အခါကျလို့ရှိရင်ဖြင့် ခန္ဓာက ဒုက္ခသစ္စာ၊ တွေးလုံးက. . . (မဂ္ဂသစ္စာပါ)၊ သေတာက . . . (သမုဒယပါ)၊ နောက်မလာတာက. . . (နိရောဓပါ)၊ ဒုက္ခချုပ်တာနိရောဓသစ္စာ. . . (မှန်ပါ)၊ ရိပ်မိကြပြီလား . . . (ရိပ်မိပါပြီ)။

ကိုင်း ယနေ့ ဒီတွင်တော်ပါဦး။

သာဓု. . . သာဓု. . . သာဓု။